# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၄၉)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ ၁၀-၈-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာ သည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ ယာဉ်တိုက်မှုလျှော့နည်းကျဆင်းရေးအတွက် အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက်ခြည်မပြတ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ (National Road Safety Council - NRSC) ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီး ချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။





အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များဖြစ်ကြ သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူ များတက်ရောက်ကြပြီး ကောင်စီ အဖွဲ့ဝင် အသင်းအဖွဲ့များမှ ဥက္ကဋ္ဌ များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြို့တော်ဝန်များနှင့် တာဝန်ရှိသူ များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်း ရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့ကျင်းပသည့် အစည်းအဝေး သည် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီကို ပြင်ဆင်ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီးနောက် တတိယ အကြိမ် ကျင်းပသည့် အစည်း အဝေးဖြစ်ကြောင်း၊ ယခင်နှစ် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတစ် ဝန်းဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက်မှု အခြေအနေများကို သုံးသပ်ဆွေး နွေးပြီး ယခုနှစ်စီမံဆောင်ရွက် သင့်သည့် အချက်များ၊ ယာဉ် တိုက်မှုလျှော့နည်းကျဆင်းရေး အတွက် မြန်မာနိုင်ငံ၏ National Road Safety Action Plan (2021-2030) လုပ်ငန်းစီမံ ချက် ပါ အဓိကရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များအတိုင်း မျက် ခြည်မပြတ်ဆောင်ရွက်ရမည့်ကိစ္စ ရပ်များ၊ ယခင်နှစ် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီအကောင် အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့မှု များနှင့် ယခင်နှစ်များထက် ပိုမို တိုးတက်အောင်မြင်အောင် ကြိုး ပမ်းသွားရမည့် ရှေ့လုပ်ငန်းစဉ်များ ကို ဖော်ထုတ်ချမှတ်ဆောင်ရွက် နိုင်ရန် ရည်ရွယ်၍ ကျင်းပရခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကဏ္ဍ ၌ ရေရှည်အထောက်အကူပြု လွှမ်းခြုံဆောင်ရွက်နိုင်စေရေး

စာမျက်နှာ ၃ သို့ ■

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဩဂုတ် ၉**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း


ရှေးဟောင်းအမွေအနှစ် ရွှေအစစ် ဖွေလှစ်ထိန်းကြသည်(ဆောင်းပါး)
စာမျက်နှာ ၆

အပင်အခြေပြု သဘာဝဆေးဝါးများကြောင့် လူတို့၏အသည်းကို ထိခိုက်စေမည်ဟု ဆို
စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၀ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

# ကိုယ်ကျင့်တရားကောင်းမွန်ရေးအတွက် စာပေလေ့လာဖတ်ရှုလိုက်နာကျင့်သုံးရမည်

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဟူသောစကားရှိသည်။ လူငယ်ဟူသည် အနာဂတ်အတွက် အရင်းအနှီးကောင်းများဖြစ်သည်။ ခံယူချက်လွဲမှားသော ဆိုးသွမ်းလူငယ်များ မဖြစ်စေရေးအတွက် ယနေ့ကာလတွင်လူငယ်များကို နိုင်ငံတော်က အကောင်းဆုံးပြုစု ပျိုးထောင်ပေးလျက်ရှိသည်။ ရုပ်ရည်လှပခြင်းထက် ကိုယ်ကျင့်တရားကောင်းမွန်ခြင်းဟူသော စိတ်အလှကိုမွေးမြူထားရမည်ဖြစ်သည်။ အနာဂတ်တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် လူငယ်တို့၏အရည်အချင်းပေါ်တွင်မူတည်သည်။ ပညာတတ်သော်လည်း ကိုယ်ကျင့်တရားချို့ယွင်းသူ၊ ကိုယ်ကျင့်တရား ကောင်းမွန်သော်လည်း ပညာရေးတွင် ချို့တဲ့သူ မဖြစ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံပညာရေးကို ကျင့်သုံးလျက်ရှိသည်။

"လူမှာအကျင့် ဝမ်းမှာအချင့်" ဟူသောစကားရှိသည်။ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊မကောင်းမွန်ခြင်းသည် ကျောင်းသားအရွယ်လူငယ်ဘဝကပင် ခွဲခြားနားလည်ထားရမည်ဖြစ်သည်။ ကိုယ်ကျင့်တရားအပေါ်တွင်အခြေခံ၍ အချို့က လူကောင်းအဖြစ် ဘဝတွင်ထင်ရှားကျော်ကြားသည်။ လူငယ်တို့၏ ဘဝအစသည် ကျောင်းစာသင်ခန်းများဖြစ်သည်။ ကျောင်းများရှိ ဆရာ၊ ဆရာမများသည် လူကောင်းလူတော်ဖြစ်အောင် သင်ကြားပြသဆုံးမနိုင်ကြသလို လူဆိုးဖြစ်အောင်လည်း သင်ကြားပြသဆုံးမနိုင်ကြသည်။ ဆိုလိုသည်မှာ လူငယ်တို့၏ အနာဂတ်သည် ဆရာ၊ ဆရာမတို့ လက်ဝယ်တွင်ရှိရာ ဆရာကောင်းတပည့်ပန်းကောင်းပန်ဖြစ်အောင် သင်ပြပေးကြရမည်ဖြစ်သည်။ ဆရာဆိုသည်မှာ လူငယ်တို့၏အပြုအမူ၊ အပြောအဆို၊ အနေအထိုင်မှအစ စာကြိုးစားခြင်းအဆုံး ကြည့်ရှုသွန်သင်နေကြရမည်ဖြစ်သည်။ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆိုကာကောင်းကျိုးလိုလားသောစိတ်ဖြင့် ဆုံးမကြရမည်မှာ ဆရာကောင်းတို့၏ စွမ်းဆောင်မှုဖြစ်သည်။

ထို့ပြင်မြန်မာ့အမွေခံ သားၤသမီးရတနာများဖြစ်လာအောင် ငယ်ရွယ်စဉ်ကပင် မိမိကိုယ်ကို အားကိုးသောစိတ်ဖြင့် ကြိုးစားရမည်ဖြစ်သည်။ ထို့ကြောင့် ရင်နှစ်သည်းချာ နိုင်ငံ့ရတနာများဖြစ်သော ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်၊ လူရွယ်များသည် အပြစ်ကင်းစင်၍ ကောင်းမြတ်သော အတွေး၊ အခေါ် ဇာတိသွေး၊ ဇာတိမာန်နှင့် မျိုးချစ်စိတ်ကိုမွေးမြူကာ ခေတ်မီပညာရေးစနစ်ကို လက်လှမ်းရယူကာ စိတ်ဓာတ်ခိုင်မာတည်ငြိမ်မြင့်မြတ်သော နိုင်ငံသားကောင်းဖြစ်လာရန်အတွက် သမိုင်းပေးတာဝန်ကို ကျေပွန်ရမည်ဖြစ်သည်။

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့် ဖဆိုသည့်အတိုင်း မိဘများမှာလည်း ဆရာများကဲ့သို့ မိမိ၏ သား၊ သမီးကိုပြောဆို ဆုံးမရမည်ဖြစ်သည်။ မိမိသားသမီးလမ်းမှားမရောက်အောင်၊ တွေးခေါ်စဉ်းစားဆင်ခြင် တတ်အောင်၊ အမှား၊အမှန်ချင့်ချိန်တတ်အောင် သင်ကြားပြသရမည်ဖြစ်သည်။ လူငယ်တိုင်းသည် ဘာသာရေးအဆုံးအမအတိုင်း ငါးပါးသီလဖြစ်သော သူ့အသက်ကိုသတ်ခြင်း၊ သူ့ပစ္စည်းကိုခိုးယူခြင်း၊ သူတစ်ပါး သားမယားကိုပြစ်မှားခြင်း၊ လိမ်လည်ပြောဆိုခြင်း၊ အရက်သေစာသောက်စားခြင်း စသည့်ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်း၍ မကောင်းမှုကို ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ရဟန်းပညာရှိ လူပညာရှိတို့၏အဆုံးအမများ၊ ကဗျာ၊ လင်္ကာများသည်လည်း လူငယ်တို့၏ ကိုယ်ကျင့်တရားကောင်းမွန်ရေး အတွက်ရေးသားပြုစုခဲ့ကြရာ များစွာအထောက်အကူဖြစ်စေပြီး လူငယ်များအနေဖြင့်တန်ဖိုးရှိသော စာပေများကိုဖတ်ရှုလိုက် နာကျင့်သုံးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ရတနာပုံတက္ကသိုလ်၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်ကြက်ခြေနီအကြောင်းနှင့် ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီ၊ တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ရတနာပုံ တက္ကသိုလ်တို့ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် နှစ်စဉ်ကျင်းပသော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ရတနာပုံ တက္ကသိုလ်တွင် ကြက်ခြေနီ အကြောင်းနှင့် ရှေးဦးပြုစုခြင်း အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉နာရီခွဲက အဆိုပါ တက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ရတနာပုံတက္ကသိုလ် ကြက်ခြေနီ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ စီမံဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများနှင့် သင်တန်းနည်းပြဆရာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ်ကြက်ခြေနီ လူငယ်မောင်မယ်များက "ဒို့ကြက်ခြေနီ" သီချင်းသီဆိုပြီး အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။ ထို့နောက် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သွယ်လင်းကိုက ဝမ်းမြောက်ဂုဏ်ယူ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး မန္တလေး တိုင်းဒေသကြီးကြက်ခြေနီကြီး ကြပ်မှုကော်မတီမှ အထောက်အကူပြုအရာရှိ ဦးထွန်းအောင်လွင်က ရှေးဦးပြုစုနည်းအကြောင်းအရာများကို ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ သင်တန်းဆရာများက လက်တွေ့သရုပ်ပြသခြင်းများဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဟောပြောပေးပါသော အထောက်အကူပြုအရာရှိ ဦးထွန်းအောင်လွင်အား ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းနိုင်က အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၈၂)

## လှူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး ရှင်းလင်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၉**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေး ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းနှင့် သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေး အကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဒေါက်တာအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ အောင်မြေသာစံ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်အတွင်းမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

(အောက်ပုံ)

(၀၃၇)





## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဩဂုတ် ၉**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁နာရီက အောင်မြေသာစံမြို့နယ် အမှတ်(၃၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)ဥက္ကဋ္ဌဦးမြင့်ဆွေရဲမှူးကြီး(ငြိမ်း)က အဖွင့်အမှာစကားနှင့် အသင်း၏ဆောင်ရွက်ချက်များအကြောင်း၊ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းမော်က ဆေးလိပ်နှင့်မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဦးအောင်ကျော်စွာက Vape အန္တရာယ်အကြောင်း၊ အဖွဲ့ဝင် ဒေါ်သဲဇာခြည်မောင်က Happy Water အန္တရာယ် အကြောင်းတို့ကို အသီးသီးဟောပြောကြပြီး၊ ကျောင်းသား၊ ကျောင်းသူများက မေးခွန်းများ မေးမြန်းခဲ့ကြသည်။

ဆက်လက်၍ MANA (MDY)အသင်းမှ လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဖ)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

■ ရှေ့ဖုံးမှ

အတွက် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၃၀)ကို ကဏ္ဍကြီး(၈)ရပ်၊ လုပ်ငန်းစဉ် ပေါင်း ၁၀၈ ခုတို့ဖြင့် ရေးသားပြုစုချမှတ်ထားပြီးဖြစ်ပါကြောင်း၊ NRSC က ချမှတ်ထားသည့် Quick Win အစီအမံ(၅)ရပ်နှင့် လုပ်ငန်းစီမံချက်(၂၀၂၁-၂၀၃၀)တို့သည် ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးမဏ္ဍိုင်ကြီး(၅)ရပ်ဖြစ်သည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကြီးကြပ်မှု (Road Safety Management)၊ ပိုမိုအန္တရာယ်ကင်းသော လမ်းများနှင့် ယာဉ်သွားလာမှု (Safer Road and Mobility)၊ ပိုမိုအန္တရာယ်ကင်းသောယာဉ်များ (Safer Vehicles)၊ ပိုမိုအန္တရာယ်ကင်းသည့် လမ်းအသုံးပြုသူများ (Safer Road Users)နှင့် ယာဉ်တိုက်မှုဖြစ်ပြီးပြီးချင်း တုံ့ပြန်ဆောင်ရွက်မှု (Post-Crash Response) တို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြုစုထားသည့် Global Road Safety Plan ပါ Voluntary Targets ၁၂ ချက်ကိုပါ အခြေခံ၍ပြုစုရေးဆွဲချမှတ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ဆပ်ကော်မတီများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကောင်စီများအနေဖြင့် လုပ်ငန်း Guidelines သဖွယ်ဖြစ်သည့် Quick Win အစီအမံများနှင့် Action Plan ပါ ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်များကို အထူးအလေးထားဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်တို့က အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် National Raod Safety Action Plan(2021-2030)ပါ ရည်ရွယ်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များနှင့် Quick Win အစီအမံ(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးက ၂၀၂၃ ခုနှစ် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၏ နှစ်ချုပ်အစီရင်ခံစာနှင့် Global Status Report on Road Safety (2023)ပါ ကမ္ဘာလုံးဆိုင်ရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှု လေ့လာတင်ပြချက်များကို သုံးသပ်လျက် ကမ္ဘာတစ်ဝန်း ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်း ကျဆင်းလာသကဲ့သို့ မြန်မာနိုင်ငံ၌လည်း ၂၀၁၇ ခုနှစ်နောက်ပိုင်းမှစ၍ နှစ်စဉ်ဆက်တိုက် ကျဆင်းလျက်ရှိကြောင်း၊ လူဦးရေ တစ်သိန်းလျှင် ယာဉ်တိုက်မှုကြောင့် သေဆုံးမှုကြိမ်နှုန်းသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၅ ဦးနှုန်းအထိ ကျဆင်းခဲ့ပြီး မြန်မာနိုင်ငံ၌ ၅ ဒသမ ၇၁ ဦးနှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ ကမ္ဘာတစ်ဝန်း နှစ်ဘီး၊ သုံးဘီးတပ်ယာဉ်တိုက်မှုကြောင့် သေဆုံးမှုသည် ၂၁ ရာခိုင်နှုန်းသာရှိသော်လည်း အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ၄၈ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံ၌ ၄၅ ရာခိုင်နှုန်း ရှိနေကြောင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပထမ ၁၀ စုနှစ်ဖြစ်သော ၂၀၁၁ မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း ရည်မှန်းချက်ဖြစ်သည့် တွက်ချက်မှုအခြေခံနှစ် ၂၀၁၀ ပြည့်နှစ်၏ ယာဉ်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် သေဆုံး၊ ဒဏ်ရာရမှုနှုန်းအား ၂၀၂၀ ပြည့်နှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လျှော့ချရေးရည်မှန်းချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံပေါင်း ၁၀ နိုင်ငံသာရှိပြီး မြန်မာနိုင်ငံအပါအဝင် ကျန်နိုင်ငံအများစုမှာ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ Five Key Risk Factors နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စံသတ်မှတ်ချက်များနှင့်အညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံခန့်ခွဲရေးကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေး ဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက NRSC ၏ ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် Quick Win အစီအမံ(၅)ရပ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်ကြသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု၊ စနစ်တကျစောင့်ကြည့်မှု၊ အရေးယူဆောင်ရွက်မှု၊ ပြည်သူများအား အသိပညာပေးမှု၊ ယာဉ်အန္တရာယ်ဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် အချက်များအား ပြည်သူများသိရှိနိုင်ရေး အသိပညာပေးဆောင်ရွက်ထားရှိမှု၊ ရှေးဦးပြုစုခြင်း သင်တန်းများဖွင့်လှစ်ပေးမှုနှင့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဆောင်ရွက်မှု၊ လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၁၁၇/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၁၁၇/၂၀၂၃) ရဲဗလတပ်ခွဲ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုး၊ ရဲရေးချုပ် ရဲမှူးချုပ် ဝင်းထွန်းနှင့် ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက သင်တန်းဆင်းတပ်ခွဲကို စစ်ဆေးပြီး ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုး၊ ဥပဒေဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယ ရဲအုပ်လောင်း ရဲနိုင်ထွန်း၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း သက်ပိုင်ဖြိုးနှင့် ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဖူးပွင့်ဇော်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရဲချုပ်က သင်တန်းဆင်း အမှာစကား ပြောကြားရာတွင် ကျောင်းဆင်းကြမည့် ဒုတိယရဲအုပ်များအနေဖြင့် တာဝန်ကျရာ ဒေသများတွင် နိုင်ငံ့အကျိုး၊ ပြည်သူလူထု၏အကျိုးကို ရှေးရှုကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် စွန့်လွှတ်စွန့်စားကြိုးပမ်းဆောင်ရွက်နေကြသည့် 



တပ်ဖွဲ့ဝင်များကို နိုင်ငံတော်မှ ထိုက်တန်သည့် ဂုဏ်ပြုမှုများဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်(၄) ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အောင်မြင်အောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးအတွက်တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည့်အပြင် မိမိတာဝန်ယူရသည့် နယ်မြေအတွင်း ဒေသနှင့် ကိုက်ညီသည့် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင် ရောင်းဝယ်မှုများသည် ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှုစသည့် နိုင်ငံဖြတ်ကျော် မှုခင်းများနှင့် ဆက်နွယ်လျက်ရှိပြီး နိုင်ငံလုံခြုံရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိသည့်အပြင် လူသားမျိုးနွယ် တစ်ခုလုံးကို လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းလက်တွဲ၍ မူးယစ်ဆေးဝါး ပပျောက်သည်အထိ စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ စေတနာထားဆောင်ရွက်ပေးပြီး လူမှုရေးလုပ်ငန်းများ၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ စသည့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကိုလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၁၇) ရဲဗလတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၂၁၇ ဦး၊ တပ်တွင်းဘွဲ့ရ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၃၄၆ ဦးတို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စနေ၊ တနင်္ဂနွေ အားလပ်ရက်များအတွက် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၉

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေ အားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ** နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများနှင့် ဝါစက်လုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာ၌ ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ပဲ့ကန်ကျေးရွာရှိ အလင်းရောင်လယ်ယာနှင့် အထွေထွေစီးပွားသမဝါယမအသင်း၌ ကျင်းပသည့် ဝါစိုက်အသင်းသား တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ နိုင်ငံအတွင်းရှိ ပြည်သူများ အဝတ်အထည်များ ဖူလုံရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ အလွန်အရေးကြီးကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ထွက်ရှိလာသော ဝါမှာ နိုင်ငံအတွင်း ချည်လိုအပ်ချက်အတွက် ပြည့်မီသည်ကို တွေ့ရှိရသော်လည်း ချည်နှင့် အထည်များကို ပြည်ပမှ တင်သွင်းမှာယူနေရသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ထွက်ရှိသော ဝါဂွမ်းများကို ကုန်ကြမ်းအနေဖြင့်သာ ပြည်ပသို့ တင်ပို့ရောင်းချနေရကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌သာ ချည်ဖြစ်သည်အထိ ထုတ်လုပ်ရန်အတွက် လိုအပ်သော နည်းပညာ၊ စက်ပစ္စည်း၊ အရင်းအနှီးများကို ပံ့ပိုးပေးပြီး Value Added အဖြစ် ချည်ဖြစ်သည်အထိ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဝါစိုက်တောင်သူများအနေဖြင့် ဝါများအထွက်တိုးရေး မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်ရန် စနစ်တကျ ပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝါခူးဆွတ်ချိန်တွင်လည်း အရည်အသွေး၊ အမျိုးအစား Grade A,B,C အဆင့်ဆင့်ရှိသည့် အနက် သတ်မှတ်အရည်အသွေးနှင့် ပေါက်ဈေးနှုန်းကို တောင်သူကြီးများသိရှိအောင် တာဝန်ရှိသူအဆင့်ဆင့်မှ အသိပညာပေးရန်လိုအပ်ကြောင်း၊ စနစ်တကျ ဆွတ်ခူးထွက်ရှိလာသောဝါများ ဈေးကောင်းရရှိရေး ဈေးကွက်သေချာစွာရရှိရေး အစိုးရနှင့် ပုဂ္ဂလိက ချည်စက်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တောင်သူ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားကာ ဝါစိုက်တောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မိုးကြိုဝါစိုက်ခင်းများတွင် ဝါဆွတ်ခူးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ် ဆည်ကန်ဝါစက်ရုံနှင့် မန်းရတနာ ဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ရောက်ရှိပြီး ဝါဖန်စက်များဖြင့် ဝါဂွမ်းအထုပ်များ ထုတ်လုပ်နေမှုများနှင့် ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဝါစေ့မှ ဝါစေ့ဆီကြိတ်ခွဲနိုင်မှုကြောင့် စားသုံးဆီအပြင် တိရစ္ဆာန်အစာအတွက် ဝါဖတ်များကိုပါရရှိခြင်းကြောင့် များစွာအကျိုးရှိကြောင်း၊ ဝါစိုက်ဧကအပေါ်အခြေခံ၍ ကုန်ကြမ်းရရှိမှုအပေါ်မူတည်ကာ ဝါဖန်စက်များ ထပ်မံလိုအပ်မှု ရှိ/မရှိ တင်ပြပေးရန်နှင့် ထပ်မံလိုအပ်သော စက်များကို ပြည်တွင်းစက်မှုဇုန်များမှ ထုတ်လုပ်နိုင်သည့်အတွက် တိုးချဲ့ဆောင်ရွက်လိုပါက ဆောင်ရွက်မည့်အစီအစဉ်များ ပြန်လည်တင်ပြကြရန်လိုအပ်ကြောင်း ပြောကြားပြီး တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရမည်းသင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်ရှိ တီဘီအယ်လ်ကုမ္ပဏီလီမိတက်၏ ဝါ၊ နေကြာ၊ နှမ်း၊ စပါးမျိုးစေ့များနှင့် အခြားသီးနှံမျိုးစေ့များ ထုတ်လုပ်နေမှု၊ စမ်းသပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် လိုအပ်သောဒေသများသို့ သမဝါယမအသင်းများဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေး



နေပြည်တော် ဩဂုတ် ၉

(၁၆)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ National Convention Center ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးသည်။

## ဆွေးနွေးပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် အာဆီယံကျန်းမာရေးဝန်ကြီးများ၏ အာဆီယံကျန်းမာရေးကဏ္ဍ လုပ်ငန်းများ သုံးသပ်ခြင်းနှင့် ၂၀၂၅ အလွန် ကျန်းမာရေးကဏ္ဍ ဦးစားပေးအစီအစဉ်များ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံအဖွဲ့ကြီးအနေဖြင့် ပိုမိုကျန်းမာကောင်းမွန်သော၊ ပိုမိုတည်တံ့ခိုင်မြဲသော၊ အာဆီယံအသိုက်အဝန်းဖြစ်ပေါ်စေရေးအတွက် ကျန်းမာသောလူနေမှုဘဝပုံစံ မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အားကောင်းအောင်ဆောင်ရွက်ရေး၊ အသစ်ဖြစ်ပေါ်လာမည့် ကူးစက်ရောဂါများနှင့်ပြန်လည်ခေါင်းထောင်လာမည့် ကူးစက်ရောဂါများကို စောင့်ကြည့်ခြင်းနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လူတိုင်းလက်လှမ်းမီရရှိစေရေး (Universal Health Coverage)၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော ကျန်းမာရေးစနစ်အဆင့် မြှင့်တင်ရေး၊ ပြောင်းလဲတိုးတက်လာသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရည်အသွေးမြှင့်တင်နိုင်ရေး၊ လူနာများ ဘေးကင်းလုံခြုံရေးနှင့် အစားအသောက်ဘေးကင်းလုံခြုံစိတ်ချရမှု တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ အားကောင်းခိုင်မာသော ကျန်းမာရေးစနစ် မြှင့်တင်ရေးအတွက် ကျန်းမာရေးကဏ္ဍ၊ ဘဏ္ဍာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး စသည်တို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံအဖွဲ့ကြီးနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)တို့၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုသည် ကျန်းမာရေးအရေးပေါ်အခြေအနေများတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် လည်းကောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည်လည်းကောင်း အလွန်အရေးကြီးသည်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း၊ ကပ်ရောဂါကာလအစပိုင်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့သော်လည်း မိတ်ဆွေနိုင်ငံများ၏ပူးပေါင်းကူညီပံ့ပိုးမှု၊ ပြည်တွင်းမှ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအားဖြင့် ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အလားတူ ကိုဗစ်-၁၉ကပ်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများတွင်လည်း နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှု၊ ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထု၏ ပူးပေါင်းမှုဖြင့် ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ဆေးလုံးဝ ထိုးနှံနိုင်ခြင်းမရှိခဲ့သည့် ကလေးငယ်များကို သုံးဆခန့် လျှော့ချနိုင်ခဲ့ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၂၂-၂၀၂၃ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ကာကွယ်ဆေးထိုး လုပ်ငန်းအောင်မြင်မှုများကို အသိအမှတ်ပြု မှတ်တမ်းတင်ထုတ်ပြန်ထားကြောင်း၊ ဆက်လက်၍ ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားနှင့် လူငယ်ဖိုရမ်သို့ တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံ၍ ဂုဏ်ပြုစကားများပြောကြား






**မန္တလေး ဩဂုတ် ၉**

နေပြည်တော်တွင်ကျင်းပမည့် ၂၀၂၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားနှင့် လူငယ်ဖိုရမ်သို့တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားများပြောကြားရာတွင် နိုင်ငံတော်က လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာစေရေးအတွက် စနစ်တကျဖြင့် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားနှင့်လူငယ်ဖိုရမ်သို့တက်ရောက်မည့် တိုင်းဒေသကြီးကိုယ်စားပြုထူးချွန်ကျောင်းသား၊ ကျောင်းသူ လူငယ်ကိုယ်စားလှယ်များအား တွေ့ဆုံ၍ ဂုဏ်ပြုအားပေးချီးမြှောက်သည့် အခမ်းအနားဖြစ်ပါကြောင်း၊ နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာ မူဝါဒများချမှတ်၍ လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ လူငယ်များ ၏ နယ်ပယ်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ လေ့လာသိရှိခဲ့သည့် ဗဟုသုတများကို လူငယ်လူရွယ်များကို အားကျအတုယူနိုင်အောင် ပြန်လည်မျှဝေပေးသွားကြရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးကအစ ဂရုတစိုက်နှင့် စည်းကမ်းတကျ သွားလာနေထိုင်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်သူများဖြစ်အောင် ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ နေပြည်တော်တွင်ကျင်းပမည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် လူငယ်ဖိုရမ်သို့ တက်ရောက်မည့် တိုင်းဒေသကြီးကိုယ်စားပြုထူးချွန်ကျောင်းသား၊ ကျောင်းသူ လူငယ်ကိုယ်စားလှယ် ၁၂ ဦး နှင့် အုပ်ချုပ်သူ ၂ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ပြောကြား၍ အဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အခမ်းအနားတက်ရောက်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားသည့်အစီအမံများနှင့်စပ်လျဉ်း၍ အသေးစိတ်တင်ပြဆွေးနွေးပြီးတက္ကသိုလ်များမှပါမောက္ခချုပ်များက အကြံပြုဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၆,၆၈၀,၀၀၀ကို ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



## လူဦးရေနှင့် အိမ်အကြောင်းအရာ၊ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲ ပြုလုပ်

**အမရပူရ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ဒေါင်းဈေးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့ နံနက် ၉နာရီခွဲက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရမြို့နယ်ရုံးမှ သန်းခေါင်စာရင်းဆိုင်ရာဟောပြောပွဲ နှင့် လက်ကမ်းစာစောင်များ အခမဲ့ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမရပူရ မြို့နယ်ဦးစီးမှူးရုံး၊ ဦးစီးအရာရှိ ဦးတင်ကိုကိုဝင်းက ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ရက် အထိကောက်ယူမည့် သန်းခေါင်စာရင်းအကြောင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်ပြီး ယခုလိုဟောပြောပွဲများ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဟောပြောပွဲအပြီးတွင် ပြည်သူများ လေ့လာနိုင်စေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်က ထုတ်ဝေသော လက်ကမ်းစာစောင်များ၊ Wall Sheep ပိုစတာများ၊ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ စာတန်းပါ ဦးထုပ်နှင့် တီရှပ်အင်္ကျီများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း ဦးစီးအရာရှိထံမှ သိရသည်။

(အပေါ်ပုံ) စိုးသီဟ(အမရ)

## စည်ပင်လှစ်ပြကျေးရွာတွင် အတွင်းတိမ်နှင့် မျက်စိရောဂါ စမ်းသပ်စစ်ဆေးပေးခြင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှစ်ပြကျေးရွာအတွင်း တိမ်ကင်းစင်ပပျောက်ရေးစီမံချက် ရှာသို့ ဩဂုတ် ၈ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်အေးဝင်းဝင်းခိုင်တို့ အဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနအဖွဲ့များ ပူးပေါင်း၍ စည်ပင်လှစ်ပြကျေးရွာနေ မျက်စိရောဂါ လူနာ ၁၅၀ ဦးအား ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အတွင်းတိမ်တွေ့ရှိသူ လူနာ ၂၃ ဦးအား မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အခမဲ့ ဆေးကုသပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်လှစ်ပြကျေးရွာတွင် အတွင်းတိမ်နှင့် မျက်စိရောဂါအခမဲ့စမ်းသပ်စစ်ဆေးရာသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်ဖိုးရီ နှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊သွေးတိုး၊ဆီးချိုနှလုံးရောဂါများ စမ်းသပ်စစ်ဆေးကုသပေးခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

ခနွဲဝင်း(ဆင်ပေါင်ဝဲ)



## သောက်သုံးရေပူလုံစေရန် ချို့ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား ပြန်လည်ပြုပြင်ပေး

**ညောင်ဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊စဉ့်ကူတိုက်နယ်၊ ကျောက်ပြင်ကန်ကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားရသည့် စက်ရေတွင်းမှာ ချို့ယွင်းပျက်စီးသွားသဖြင့် သောက်သုံးရေအခက်ကြုံနေရကြောင်း သိရ၍ ယမန်နေ့က ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က ကျေးရွာနေပြည်သူများ သောက်သုံးရေဖူလုံစေရန်အတွက် ချို့ယွင်းပျက်စီးနေသည့် စက်ရေတွင်းအား သွားရောက်ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့နယ် ကျောက်ပြင်ကန်ကျေးရွာတွင် အိမ်ခြေ ၅၀၀ ကျော်၊ လူဦးရေ ၂၀၀၀ကျော် နေထိုင်လျက်ရှိပြီး ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် လုပ်ကိုင်ကြကြောင်းနှင့် တစ်နှစ်ပတ်လုံး သောက်သုံးရေအတွက် မိမိတို့ကျေးရွာရှိ စက်ရေတွင်းကိုသာ မှီခိုအားထားပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်ကြသည်။ ယခုအခါ စက်ရေတွင်းမှာ နှစ်ကာလ ကြာမြင့်လာပြီဖြစ်၍ သံချေးများတက်ကာ ပိုက်များပေါက်ခြင်း၊ ရေမော်တာပန့် ချို့ယွင်းပျက်စီးခြင်းများ ဖြစ်ပွားပြီး သောက်သုံးရေအခက်အခဲများ ကြုံတွေ့နေရသည်။

ထို့သို့ ဒေသခံပြည်သူများ သောက်သုံးရေအခက်ကြုံနေရကြောင်းသိရသဖြင့် ယမန်နေ့က ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့က အလှူရှင် ဦးသန်းထွဋ်မိသားစုမှ မ,တည်လှူဒါန်းငွေကျပ်ကိုးသိန်းဖြင့် ချို့ယွင်းပျက်စီးသည့် စက်ရေတွင်းအား ရေမော်တာပန့်နှင့် ရေပိုက်များ အသစ်လဲလှယ်တပ်ဆင်၍ ပြုပြင်ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ စက်ရေတွင်းမှာ ပြန်လည်ကောင်းမွန်သွားပြီဖြစ်ကာ ဒေသခံပြည်သူများအတွက် သောက်သုံးရေ ရယူသုံးစွဲခွင့်ရရှိပြီဖြစ်ကြောင်း အဆိုပါ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်းက ပြောသည်။

(၄၄၅)

# ရှေးဟောင်းအမွေအနှစ် ရွှေအစစ်ဖွေလှစ်ထိန်းကြသည်

## နွေးထွေး(ပုသိမ်ကြီး)

ရှေးဟောင်းပစ္စည်းအဆောက်အအုံဆိုသည်မှာ မြေပေါ်တွင်ဖြစ်စေ၊ မြေအောက်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရေအောက်တွင်ဖြစ်စေ၊ နှစ်ပေါင်း ၁၀၀ နှင့်အထက် သက်တမ်းရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ဘူမိသဘာဝပတ်ဝန်းကျင်နေရာများ အပါအဝင် လူသားတို့နေထိုင်ပြုလုပ်သုံးစွဲတည်ဆောက်ခဲ့သည့် အဆောက်အအုံနေရာများဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အနှံ့အပြားတွင် ရှေးဟောင်းအဆောက်အအုံများ အများအပြားရှိနေပါသည်။ ယဉ်ကျေးမှုသည် လူမျိုး၏အသက်ဖြစ်၏။ ပြည်သူလူထုနှင့် နိုင်ငံတော်အစိုးရသည် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိကြပါသည်။ ပိုင်ရှင်(သို့မဟုတ်)ထိန်းသိမ်းစောင့်ရှောက်မှုမရှိသော ရှေးဟောင်းအဆောက်အအုံနှင့်ပစ္စည်းများကို တွေ့ရှိသူသည် သက်ဆိုင်ရာ ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ဆောလျင်စွာ သတင်းပို့ရန် ဥပဒေအရလည်း တာဝန်သတ်မှတ်၍ ထားပါသည်။ တာဝန်ပျက်ကွက်သော် ဥပဒေပုဒ်မ-၁၇ ကို ကျူးလွန်ခြင်းဟု သတ်မှတ်သောကြောင့် ပုဒ်မ-၂၂ အရ ပြစ်ဒဏ်ကျခံရပါမည်။ ရှေးဟောင်းအဆောက်အအုံ၏ မူလပုံသဏ္ဌာန်၊ မူလလက်ရာကို ပြောင်းလဲရန် ပြုလုပ်ခြင်း၊ မူလလက်ရာများကို ဖြုတ်ခွာခြင်း၊ ဖယ်ရှားခြင်းပြုလုပ်လျှင် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ- ၁၉ ကို ကျူးလွန်သဖြင့် ပုဒ်မ-၁၄ အရ ပြစ်ဒဏ်ပေးခြင်းကို ခံကြရပါမည်။

သို့ဖြစ်ရာ ရှေးဟောင်းအဆောက်အအုံများကို ဥပဒေစည်းကမ်းများနှင့်အညီ နိုင်ငံတော်အစိုးရမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သည်။

ပြည်သူများမှ ထိန်းသိမ်းစောင့်ရှောက်ကြသည်။

ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂ (United Nations, UN) အဖွဲ့ကြီး၏ လူသားများ၏ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအခန်းကဏ္ဍများအား ကူညီဆောင်ရွက်ပေးသည့် ဌာန (The United Nations Educational, Scientfic and Culture Organization, UNESCO)အဖွဲ့ကြီးမှလည်း ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးပါသည်။

**ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ**
**မွေခံထိုက်စေ၊ လွှမ်းဝေ၍**
**စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်ကျင့်ဖွယ်သားတို့တာ။**
**(သင်္ဂဟဆရာတော်)**

မိဘတို့၏တာဝန်ကိုယူ၍ ကျေးမွေးပြုစု၊ ဆောင်ရွက်စီမံပေးသော သားသမီးများသည် မိဘတို့၏ အမွေအနှစ်များအား မွေခံထိုက်စေသည်။ ထိုနည်းတူစွာ ယဉ်ကျေးမှုအခန်းကဏ္ဍများတွင် လူသားများရယူပိုင်ဆိုင်ခဲ့သည့် ယဉ်ကျေးမှုကာလတစ်လျှောက်မှာ အရေးကြီး၍ ထိုလူသားအားလုံးနှင့်ဆိုင်သည့် ယဉ်ကျေးမှုများကို ကမ္ဘာ့နိုင်ငံများအဆင့် သတ်မှတ်ပြီးလျှင် ယူနက်စကို (UNESCO)မှ စောင့်ရှောက်ပေးခြင်းဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံး၏ ဘတ်ဂျက်ငွေဖြင့် ထိန်းသိမ်းပေးပြီးလျှင် "ကမ္ဘာ့အမွေအနှစ်"ဟု သတ်မှတ်သည်။

ယခုအခါ ကမ္ဘာ့အကြီးဆုံးနှင့် အဆက်မပြတ် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသည့် လုပ်ငန်းတစ်ခုအဖြစ် အားလုံးက အသိအမှတ်ပြုထားသည့်လုပ်ငန်းရှိပါသည်။ ယင်းမှာ "မီးခိုးမထွက်စက်ရုံများ"ဟု ခေါ်တွင်သည့် "ခရီးသွားလုပ်ငန်း"ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၀ ပုံ ၁ ပုံရှိသည်။ ထို့ပြင် ခရီးသွားလုပ်ငန်းသည် မြို့ပြဒေသတွင်မက ကျေးလက်ဒေသများတွင်လည်း ကျွမ်းကျင်အလုပ်သမားများနှင့် ကျွမ်းကျင်မှုနည်းသည့် အလုပ်သမားအတွက်ပါ အလုပ်အကိုင်များ ဖန်တီးပေးလျက်ရှိသည်။

ရှေးဟောင်းအမွေအနှစ်ဖြင့် ခရီးသွားလုပ်ငန်းကြောင့် ဝင်ငွေရရှိနေသော နိုင်ငံများစွာရှိသည်၊အမေရိကန်ပြည်ထောင်စု (U.S.A) သည် ခရီးသွားလုပ်ငန်းမှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၄ ဒသမ ၅ ဘီလီယံရနေသည်။ တရုတ်နိုင်ငံသည် ၁၁၄ ဒသမ ၁ ဘီလီယံ၊ စပိန်နိုင်ငံသည် ၅၆ ဒသမ ၅ ဘီလီယံ၊ ဗြိတိန်နိုင်ငံသည် ၄၅ ဒသမ ၅ ဘီလီယံရရှိသည်။

အိမ်နီးချင်းထိုင်းနိုင်ငံသည် ၄၄ ဒသမ ၆ ဘီလီယံရရှိနေချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ၂ ဒသမ ၁၂ ဘီလီယံသာ ရရှိခဲ့ပါသေးသည်။ ကမ္ဘာ့နိုင်ငံအချို့တွင် ပို့ကုန်လုပ်ငန်းမှ ရရှိသည့် ဝင်ငွေထက်ခရီးသွားလုပ်ငန်းမှရသည့်ဝင်ငွေက ပို၍များသည်ဟု ဆိုကြသည်။ ထိုနိုင်ငံများသည် နိုင်ငံအတွင်းတွင် လည်ပတ်စရာနေရာဒေသများကို ပြသနိုင်စွမ်းရှိကြသည်။ အသုံးချစရာရောင်းတန်းဝင် အခြေအနေများကို ဖန်တီးပေးထားကြသည်။ ထိုအခါ နိုင်ငံခြားဝင်ငွေရလမ်းများ တိုးပွားလေသည်။ အမွေအနှစ်ရွှေဖြစ်လေပြီ။

ပုဂံ(ခေါ်)တမ္ဗဒီပသည် မြန်မာနိုင်ငံ၏ ပထမဆုံးဧကရာဇ်နိုင်ငံတည်ထောင်ရာ မြို့တော်ဟူ၍ မြန်မာတို့အတွက် အမျိုးသားရေးလက္ခဏာတစ်ရပ်အနေဖြင့်လည်းကောင်း၊ များပြားလှသည့် ရှေးဟောင်း လက်ရာဗိသုကာနှင့် စေတီပုထိုးများကြောင့်လည်းကောင်း ကမ္ဘာလှည့်ခရီးသည်တို့ကို ဆွဲဆောင်ရာနေရာအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံမှ ကမ္ဘာကျော်သည့် နေရာတစ်နေရာဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေးအတွက် အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့၌ ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့ (UNESCO) ၏ (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံအစည်းအဝေး၌ တင်ပြဆွေးနွေးကြပါသည်။ ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်လိုက်ကြောင်း သိရှိရပါသည်။

ကမ္ဘာ့အမွေအနှစ် ပုဂံဒေသများအတွင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာဒေသ (Property Area) ၁၂၃၄၂ ဒသမ ၂၉ ဧကနှင့် ကြားခံဒေသ (Buffer Area) ၄၄၃၄၆ ဒသမ ၂၉



ဧက စုစုပေါင်း ၅၆၆၈၉ ဒသမ ၂၁ ဧကရှိပါသည်။ ညောင်ဦးမြို့၊ ပုဂံမြို့နှင့်ကျေးရွာ ၄၁ ရွာ ပါဝင်သည်ဟု ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ထုတ်ပြန်ထားသည်။ ယဉ်ကျေးမှုအမွေအနှစ်တည်ရှိရာ ဒေသအတွင်းမှ ရှေးဟောင်းဘုရား ၃၅၉၅ ဆူ ၊ ကြားခံဒေသအတွင်း ၂၄၂ ဆူ စုစုပေါင်း ၃၈၃၇ ဆူအား ပုဂံဌာနခွဲမှ ထိန်းသိမ်းစောင့်ရှောက်ထားရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံရှိ လူမျိုးတစ်မျိုးစီတိုင်း၏ အရည်အသွေး၊ တန်ဖိုးနှင့်ဂုဏ်သိက္ခာဖြစ်သည်။ ဂုဏ်သိက္ခာမြင့်မားရေးအတွက် အလေးထားဆောင်ရွက်ကြရပါမည်။ ဆောင်ရွက်နေကြပါသည်။ ဒေသခံများအလုပ်အကိုင် အခွင့်အလမ်းရရှိသည်။

ပုဂံဒေသတွင် ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရားကြီးသို့ ၂၀၂၂ ခုနှစ်တွင် ပြည်တွင်းပြည်ပခရီးသွား ၁ ဒသမ ၀၈ သန်း လာရောက်ခဲ့ပါသည်။ ၂၀၂၃ ခုနှစ်တွင် ၂ ဒသမ ၄၇ သန်း ဝင်ရောက်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ်တွင် ဇီးအို၊ စက်စက်ယို၊ သဲပြင်တောရွာများသို့ လူထုအခြေပြုခရီးသွားလုပ်ငန်းများကို ချဲ့ထွင်၍ နိုင်ငံခြားဝင်ငွေများတိုး၍ ရရှိရေးစီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုဂံဒေသို့ ၂၀၂၃-၂၀၂၄ ခုနှစ် တွင် ထိုင်း၊ တရုတ်၊ ရုရှားနှင့်အမေရိကန်ခရီးသွားများ အများဆုံး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရှင်းကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရှေးဟောင်းကက်ရှ်ဂါ(Kashgar)မြို့သည် တရုတ်နိုင်ငံ၏ အကျော်ကြားဆုံးသော ခရီးသွားဆွဲဆောင်မှုရှိသည့်နေရာတစ်ခုဖြစ်သည်။ ကတ်ရှ်ဂါသို့ လာရောက်သော ခရီးသွားများအားလုံးသည် စိမ်းလန်းစိုပြည်သော ပန်းများအပြင် လျှို့ဝှက်ဆန်းကြယ်မှုများနှင့် ပြည့်နက်နေသော ရှေးဟောင်းမြို့ကို သဘောကျပြီး လူနည်းစုလူမျိုးများကလည်း အလွန်ဧည့်ဝတ်ကျေကြသဖြင့် ရှင်းကျန်းသို့လာရသည်မှာ အိမ်မှာနေသလို ခံစားရသည်ဟု ဆိုကြသည်။

သို့သော် ဤနေရာဒေသမှာ လွန်ခဲ့သော နှစ်ပေါင်းများစွာက လမ်းများသည် အလွန်ကျဉ်းမြောင်းကာ အခြေခံအဆောက်အအုံများသည် ရိုးရှင်းပြီး ကြမ်းတမ်းကြသည်။ ထိုဒေသမှ အိမ်များတွင် ပိုက်နှင့်ရေအိမ်သာပင်မရှိကြောင်း ပြောကြသည်။

ကက်ရှ်ဂါရှေးဟောင်းမြို့၏ ခရီးသွားဆွဲဆောင်မှုအဆင့် 5A မှာ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သည်။ ထိုကဲ့သို့ရရှိရန် "ကက်ရှ်ဂါရှေးဟောင်းမြို့တော် ဘက်စုံကုသရေးပရောဂျက်" ချမှတ်ဆောင်ရွက်ခဲ့ရသည်။ ပရောဂျက်၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံနီးပါးရှိသည်။ ပျက်စီးယိုယွင်းနေခဲ့သော အိမ်များကို ပြင်ဆင်မွမ်းမံရန်နှင့် အိမ်ခြေ ၄၉၀၀၀ ခန့် နေထိုင်သည့် ရှေးဟောင်းမြို့တော်တွင် အခြေခံအဆောက်အအုံအသစ် စတုရန်းမီတာ ၅၀၀၀၀၀၀ (ငါးသန်း)ခန့်ကို တည်ဆောက်မည်ဖြစ်သည်။

နှစ်ပေါင်း ၂၀၀၀ ကျော် သမိုင်းကြောင်းရှိသော ကက်ရှ်ဂါရှေးမြို့ဟောင်းသည် ရှင်းကျန်းပြည်နယ်အနောက်ဘက် ငလျင်ဒဏ်ခံရသော ဧရိယာတွင် တည်ရှိပြီး မူလအိမ်များမှာ ငလျင်ဒဏ်ကို ခံနိုင်ရည်မရှိပေ။ ဒေသဆိုင်ရာစုံစမ်းမှုများနှင့် သုတေသနပြုလုပ်ကာ ၂၀၁၀ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့သည်။ ရှေးဟောင်းမြို့တော်ကို ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းနှင့်ကာကွယ်ခြင်း၏ အဓိကရည်မှန်းချက်မှာ ၎င်း၏ယဉ်ကျေးမှုအမွေအနှစ်များကို အားဖြည့်ရန်နှင့်နေထိုင်သူဒေသခံများအတွက် နေအိမ်များကောင်းမွန်ရေး အလုပ်အကိုင်ဝင်ငွေတိုးတက်စေရန်အတွက် အမျိုးသား 5A ခရီးသွားဆွဲဆောင်မှုအဖြစ်သို့ ပြောင်းလဲသွားစေရန် ဖြစ်သည်။

ပြုပြင်မွမ်းမံခြင်းဆိုင်ရာ ကျွမ်းကျင်သူများသည် အဆောက်အအုံများ၏ မူလအသွင်အပြင်ကို ထိန်းသိမ်းရန် ကြိုးစားခဲ့ကြသည်။ အိမ်ဒီဇိုင်းအတွက် မူလနေထိုင်သူ၏ စိတ်ကူးများကို အပြည့်အဝလေးစားလိုက်နာကြပြီး နောက်ဆုံးတွင် ပိုင်ရှင်များစိတ်ကျေနပ်သည်အထိ အကြိမ် ၄၀ ကျော်မျှ ဒီဇိုင်းကိုပင် ပြောင်းလဲခဲ့ကြသည်။ ထိုအပြင် အစိုးရ၏ အခြေခံအဆောက်အအုံတည်ဆောက်မှုကလည်း အားကောင်းစွာအားပေးခဲ့ကြသည်။ ရလဒ်အဖြစ် ဒေသခံများသည် ခေတ်မီသော ၎င်းတို့၏နေထိုင်မှုများကို ကျေနပ်လျက်ရှိကြသည်။

တရုတ်နိုင်ငံရှိ ယူနက်စကိုရုံးက "ကက်ရှ်ဂါရှေးဟောင်းမြို့မွမ်းမံခြင်း"ကို ရှားပါးပြီး လေးစားဖွယ်ကောင်းသည့် စီမံကိန်းဖြစ်သည်ဟု ချီးကျူးဂုဏ်ပြုခဲ့သည်။ ဒေသခံပြည်သူများသည် ရှေးဟောင်းမြို့ကို အောင်မြင်စွာ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းမှာ မိမိတို့၏ သမိုင်းနှင့်ယဉ်ကျေးမှုကို လေးစားကြောင်း ဖော်ပြလျက်ရှိနေပေသည်။

၂၀၂၄ ခုနှစ် မတ် ၃ ရက်(၃-၃-၂၀၂၄)ရက်တွင် ဤစာရေးသူသည် အင်းဝလွင်ပြင်ဒေသ၌ မြို့ခံစာရေးဆရာများနှင့်အတူ ရောက်ရှိခဲ့ပါသည်။ ပင်းယ(ဝိဇယပူရ)နှင့် အင်းဝ(ရတနာပူရ)မှ ရွှေသာလျောင်းဘုရား၊ ပင်းယမဟာရွှေစည်းခုံစေတီ၊ ပင်းယအထင်ကရ ဂူကြီးသုံးလုံး ဦးအိုတံတား စန္ဒာမုနိစေတီတော်၊ နန်းမတော်မယ်နုအုတ်ကျောင်း၊ ဗားကရာကျောင်းကြီးများ မဟာဇေယျပထတံတား စသည့် ရှေးဟောင်းအဆောက်အအုံများစွာကို မြင်တွေ့ခဲ့ရပါသည်။

အင်းဝမြို့ကို သက္ကရာဇ်(၇၂၆)ခုနှစ်တွင် သတိုးမင်းဖျား (AD ၁၃၆၄-၁၃၆၈)က မြို့တည်ကာ ထီးနန်းစိုက်ခဲ့သည်။ ယခုအခါ နှစ်ပေါင်း ၄၀၀ ကြာတည်ရှိခဲ့ပေပြီ။ ပြည်တွင်းပြည်ပခရီးသွားများအား အင်းဝသည် စောင့်စားလျက်ရှိပါသည်။ UNESCO ဝင်ဖြစ်ရန် ကြိုးစားနေပါပြီ။

အမရပူရသည် နှစ်ပေါင်း ၂၄၀ ကြာမြင့်ခဲ့ပြီးဖြစ်သည့် ရှေးဟောင်းမြို့တော်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် စည်ပင်ဝပြောသာယာခဲ့သည်။ ဘိုးတော်ဘုရား(ဗဒုံမင်း)က မြန်မာနှစ် ၁၁၄၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ မန္တလေးမြို့တောင်ဘက် ဧရာဝတီမြစ်နှင့်ဒုဋ္ဌဝတီမြစ်(မြစ်ငယ်)နှစ်သွယ်အကြားတွင် ရှိ၏။ကုန်းဘောင်ခေတ်သုံးဆက်နေပြည်တော်ဖြစ်ကာ ကျုံးမြို့ရိုးဟောင်းများ၊ စေတီပုထိုးဟောင်းများစွာ)ရှိသည်။ ဦးပိန်တံတားဖြင့် ကျော်ကြားသော ရှေးဟောင်းနေရာဒေသတစ်ခုဖြစ်ပါသည်။

မန္တလေးကို မင်းတုန်းဘုရင်က အမရပူရမြို့၏ မြောက်ဘက်မှာ မြန်မာသက္ကရာဇ် ၁၂၂၁ (အုတ်ကျစ်ကျော်အေးမန္တလေး)မြို့တော်အဖြစ် တည်ထားသည်။ နှစ်ပေါင်း ၁၆၀ ကျော်ခဲ့ပြီးဖြစ်၏။ မြို့ရိုး၊ ကျုံးများကို ခမ်းနားစွာ တွေ့မြင်နိုင်ပါသည်။ "မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀-၅-၂၀၂၄ ရက်တွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီးဖြစ်ရာ အင်းဝအမရပူရ၊ မန္တလေးရှိ ရှေးဟောင်းအမွေအနှစ်များ ရွှေအစစ်ဖြစ်ကြပေတော့မည်။

**(ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ပုဂံအား ဂုဏ်ပြုရေးသားပါသည်။)**

## အပင်အခြေပြု သဘာဝဆေးဝါးများကြောင့် လူတို့၏အသည်းကို ထိခိုက်စေမည်ဟု ဆို

ယခုနောက်ပိုင်းတွင် ဆေးသိပ္ပံပညာနည်းလမ်းများအရ ဖော်စပ်ထားသော ဆေးဝါးများနှင့်အပြိုင် ရေပန်းစားနေသည့် အပင်အခြေပြု သဘာဝ ဆေးဝါးများကြောင့် လူတို့၏အသည်းကို ထိခိုက်လာစေမည်ဟု အမေရိကန်ပြည်ထောင်စု မီချီဂန်တက္ကသိုလ်မှ ကုခန်းဆိုင်ရာ လက်ထောက်ပါမောက္ခအလီဆာလီခီဆပ်ဦးဆောင်သော သုတေသီများမကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ၎င်းတို့၏သုတေသန စာတမ်းတွင်ဖော်ပြသည်။

၂၀၁၇ ခုနှစ်နှင့် ၂၀၂၀ပြည့်နှစ်အတွင်း နှနှင်း၊ လက်ဖက်စိမ်းစသော အပင်အခြေပြုဆေးဝါးများကြောင့် အရွယ်ရောက်ပြီးသော



အမေရိကန်အမျိုးသား၊ အမျိုးသမီးများ ကျန်းမာရေးထိခိုက်ခဲ့ပုံ အကြောင်းကို အမျိုးသားကျန်းမာရေးနှင့် အာဟာရဆန်းစစ်မှု စစ်တမ်းအရလေ့လာခဲ့ကြခြင်းဖြစ်သည်။

ထိုသို့လေ့လာရာမှ အဆိုပါဆေးဝါးများကြောင့် အသည်း ထိခိုက်နိုင်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီးနောက် အမေရိကန်နိုင်ငံ သားသန်းနှင့်ချီ၍ သေဆုံးစေနိုင်သော သဘာဝအခြေပြုဆေးဝါး များကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကြပ်မတ်စစ်ဆေးသင့် သည်ဟု လက်ထောက်ပါမောက္ခအလီဆာလီခီဆပ်က ထောက်ပြ အကြံပြုကြောင်း သိရသည်။ **(SCI)**




## G Dargon ၏ ဖက်ရှင်စတိုင်လ်နှင့် တောင်ကိုရီးယားအိုလံပစ်အားကစားအဖွဲ့ကို မြင်တွေ့ရ

ကေပေါ့ပ်ဘုရင်ဂျီဒရယ်ဂွန် (ခေါ်)ကွမ်ဂျီယောင်းသည် ဖက် ရှင်စတိုင်လ်ကျနေသည့် ဝတ်စုံ များနှင့် ကမ္ဘာကျော်တစ်ဦးလည်း ဖြစ်ရာ သူ၏မိုးပြာရောင်ဝတ်စုံ မှာ အိုလံပစ်အားကစားအဖွဲ့၏ ဝတ်စုံအဖြစ် မြင်တွေ့ခဲ့ကြရသည် ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

အဆိုပါအိုလံပစ်အားကစား အဖွဲ့၏ မိုးပြာရောင်ဝတ်စုံနှင့် ရင် ဘတ်မှ နိုင်ငံအလံမှာ ဂျီဒရယ်ဂွန် ဝတ်ဆင်ထားသည့် မိုးပြာရောင်ဖက် ရှင် ရင်ဘတ်မှ ပန်းပွင့်ပုံဒီဇိုင်းဖြစ် သည်။

ပဲရစ်အိုလံပစ်ပွဲတော် ကိုရီး ယားအမျိုးသမီးအသင်းမှာ အသင်း လိုက် မြားပစ်ပြိုင်ပွဲတွင် ချန်ပီယံ ဖြစ်ခဲ့ပြီး ဖိုင်နယ်တွင် တရုတ် ကိုနိုင်ကာ အိုလံပစ်သမိုင်းတစ် လျှောက် (၁၀)ကြိမ်မြောက် ဆက် တိုက်ချန်ပီယံရှေတံဆိပ်ဆု ဆွတ် ခူးနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ် အိုလံပစ်ပြိုင် ပွဲမှစ၍ ၂၀၂၄ ခုနှစ်ထိ ဆက် တိုက်ဗိုလ်စွဲထားကာ အမေရိကန် အမျိုးသားရေကူးအသင်းနှင့်တူညီ နေခဲ့သည်။ **(SKY)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Boy Pakorn က အနုပညာလုပ်ငန်းအပြင် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်နေ

ထိုင်းအနုပညာရှင် ဘွိုင်ပါ ကွန်သည် အနုပညာလုပ်ငန်းများ အပြင် စီးပွားရေးလုပ်ငန်းများကို ပါ လုပ်ဆောင်နေပြီး မိသားစု တာဝန်ကျေပွန်သည့် သားတစ်ဦး ဖြစ်သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။

အနုပညာလုပ်ငန်းများတွင်



မြင်တွေ့ရမှုနည်းပါးလာခဲ့သော ဘွိုင်ပါကွန်သည် စီးပွားရေးဆိုင် ရာ လုပ်ငန်းများတိုးချဲ့လုပ်ကိုင် နေပြီး မိသားစုတာဝန်ကျေပွန် သည့် သားဖြစ်ခဲ့သည်။

မိခင်ဖြစ်သူကို အပြုံးမပျက် ထားနိုင်ခဲ့ပြီး ညီမဖြစ်သူ ဝါနမိန် အတွက်လည်း အစစအရာရာ တာဝန်ယူလုပ်ဆောင်ပေးနေသကဲ့ သို့ ချစ်သူကိုလည်း မျက်နှာ မငယ်အောင်ထားကာ မိသားစု နှင့် ရင်းနှီးအောင် မကြာခဏ တွေ့ဆုံပေးခဲ့သည်။

ဘွိုင်ပါကွန်က ချစ်သူအတွက် လည်း သီးသန့်အချိန်ပေးခဲ့ပြီး မိသားစုတာဝန်ကိုလည်း မလစ် ဟင်းရအောင် ဖြည့်ဆည်းပေးခဲ့၍ တာဝန်ကျေသည့် လူသားဟု ပရိ သတ် မှတ်ချက်ပေးထားကြ သည်။ **(SKY)**




## Sanjay Kapoor ၏ House of Lies မှုခင်းရုပ်ရှင်ဇာတ်ကား ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာ

အိန္ဒိယမှုခင်းရုပ်ရှင်ဇာတ်ကား House of Lies မှာ လက်ရှိ ခေတ်စားနေသည့် Crypto-coin နှင့် ဆက်စပ်နေသည့် အကြောင်းဖြစ်ပြီး မင်းသားဆန် ဂျေးလ်ကပူးလ်ပါဝင်ထားကာ ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာ သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက် တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားမှာ လက် ရှိခေတ်စားနေသည့် ခရစ်ပ်တို ကွိုင်နှင့် ဆက်စပ်နေကာ 'ကိုယ် တတ်နိုင်တာထက်ပိုပြီး သုံးဖို့ မကြိုးစားနဲ့'ဟူသော စကားနှင့် ဆန့်ကျင်ဘက်ကြွယ်ဝစွာ နေထိုင် လိုသော အဘိုးကြီးအကြောင်း ရိုက်ကူးထားသည်။

ခရစ်ပ်တိုကွိုင်ကြောင့် ၃၅ ကုဋေထိ ဘယ်လိုဘယ်ပုံရသည် မသိဘဲ နေ့ချင်းညချင်း ကြွယ်ဝ ကာမွေးနေ့ပွဲတွင် ထူးဆန်းစွာသေ ဆုံးခဲ့၍ မွမ်ဘိုင်းမှ စုံစမ်းစစ် ဆေးရေးအရာရှိက စစ်ဆေးရာမှ အလိမ်အညာများ မြုပ်နှံထား သည်ကို တွေ့ရှိခဲ့ရပုံအကြောင်း ဖြစ်သည်။ **(SKY)**

## Zhi Yilong က (၃၇)ကြိမ်မြောက် Hundred Flowers Awards ဆုရရှိ

တရုတ်ပြည်ရုပ်ရှင်နယ်ပယ် ၏ ဂုဏ်သိက္ခာအမြင့်ဆုံးထူးချွန် ဆု Hundred Flowers Awards ဆုပေးပွဲတွင် အနုပညာ ထူးချွန်ဆုများပေးအပ်ခဲ့ရာ ကျူရီ လောင်က အကောင်းဆုံးမင်းသား ဆုကို Lighting up The Stars နှင့် ရရှိသွားသည်ဟု ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်ထူးချွန်ဆုမှာ အမြင့်ဆုံးဆုထဲမှ တစ်ဆုဖြစ်ပြီး နိုင်ငံအဆင့် ထူးချွန်ဆုတစ်ခုလည်း ဖြစ်ကာ အကောင်းဆုံး ရုပ်ရှင်ဆု ကို To the War, ဒါရိုက်တာ ဆုကို ချောင်အာနှင့် ကျန်းရီပူး၊ ဇာတ်ညွှန်းဆုကို ဒေါင်ရမ်နိုင်း နှင့် ယင်လောင်ကျီးတို့က ရရှိခဲ့ကြ သည်။

အကောင်းဆုံးအနုပညာရှင် မင်းသားဆုကို ကျူရီလောင်၊ မင်းသမီးဆုကို မာလီ၊ ဇာတ်ပို့ ဆုကို လီဂူဂျင်းနှင့် ကျန်းရီလင်း၊ မျက်နှာသစ်ဆုကို ယူရှီတို့က အသီးသီးရရှိခဲ့ကြပြီး အနုပညာ ရှင်များစွာတို့၏ ပွဲတက်ပုံရိပ် များကို ပရိသတ်စိတ်ဝင်စားခဲ့ကြ သည်။ **(SKY)**



## Guan Xiaotong ကို Hundred Flowers Awrads ဆုပေးပွဲ၌ ဖက်ရှင်သစ်နှင့် တွေ့ရ

တရုတ်အနုပညာလောကမှ အမြင့်ဆုံးဆုပေးပွဲဖြစ်သည့် Hundred Flowers Awards ပွဲတော်သို့ အနုပညာရှင်များ တက်ရောက်ခဲ့ကြရာ ဂူအန်ရှောင် တန်၏ ဖက်ရှင်သစ်မှာ ပရိသတ် ကြား ရေပန်းစားနေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြ သည်။

အဆိုပါပွဲတော်ကြီးတွင် ဆန်ခါတင်စာရင်းဝင်သည်နှင့်ပင် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ကြရာ Pegasus 2 နှင့် ဇာတ်ပို့ဆုဆန်ခါ တင်ဝင်ခဲ့သည့် ဖန်ချောင်ချောင် ၏ အဖြူရောင်ဝတ်စုံနှင့် နိုင်ငံ သမီးပျိုလေး ဂူအန်ရှောင်တန်၏



အစိမ်းရောင်ဝတ်စုံဖက်ရှင်သစ် မှာ ရေပန်းစားခဲ့သည်။

အကောင်းဆုံးမျက်နှာသစ် ဆုဆန်ခါတင်ဝင်ခဲ့သည့် ဝိန်ဒါ ရှန်၏ အနက်ရောင်ဖက်ရှင်၊ လျူယိုဝမ်နှင့် ယူရှီတို့၏ ပွဲတက် ဖက်ရှင်တို့အပြင် ပွဲတွင်တင်ဆက် သူအဖြစ် တာဝန်ယူခဲ့သည့် ဟွမ်ရှောင်တို့ ဖက်ရှင်မှာလည်း လူပြောများကာ အကောင်းဆုံး မင်းသမီးဆုဆန်ခါတင် ရင်တာ အို၏ ပွဲတက်ဖက်ရှင်များ လူ ကြိုက်များခဲ့ကြသည်။ **(SKY)**

## Lu Han ၏ Olympic ပွဲတော်နှင့်လိုက်ဖက်သည့် သီချင်းကိုးပုဒ်မှ တစ်ပုဒ်ရွေးခံရ

တရုတ်အနုပညာရှင်၊ အိပ်ဇိုအဖွဲ့ဝင်ဟောင်း လျူဟာန်သည် အိုလံပစ်ပွဲတော်နှင့်လိုက်ဖက် သည့် သီချင်းကိုးပုဒ်မှ တစ်ပုဒ် ရွေးချယ်ခံရ၍ ပရိသတ်ဂုဏ်ယူ နေကြသည်။

လျူဟာန်သည် အိပ်ဇိုအဖွဲ့ ဝင်ဟောင်းတစ်ဦးဖြစ်ပြီး အဖွဲ့မှ ထွက်ခွာ၍ တရုတ်အနုပညာ လောကတွင်လည်း အောင်မြင်မှု ရရှိထားသော အဆိုတော်၊ သရုပ် ဆောင်တစ်ဦးဖြစ်သည့်အပြင် ကိုယ်တိုင်ရေးသားထားသော သီချင်းများတွင် အားကစားသီချင်း လည်းပါဝင်နေ၍ အိုလံပစ်ပွဲတော် နှင့် လိုက်ဖက်သည့်သီချင်းကိုး ပုဒ်ရွေးချယ်ခဲ့ရာ လျူဟာန်၏



သီချင်းတစ်ပုဒ်လည်း ရွေးချယ် ခံခဲ့ရသည်။

တရုတ်နေရှင်နယ်မီဒီယာ တစ်ခုဖြစ်သည့် Pepole's Daily ၏ ကြေညာချက်အရ တရုတ် အားကစားသမားပြိုင်ပွဲဝင်များကို ဂုဏ်ပြုသည့် Dargon သီချင်း ကို တစ်ဦးတည်းသော တရုတ်နိုင်ငံ ကိုယ်စားပြု Olympic Qualifier Series Ambassador အိုလံပစ်မီးရှူးတိုင်ကိုင်ဆောင်ခွင့် ရသူ ဝမ်ရိဘိုကို အိုလံပစ်ပြိုင်ပွဲ ဝင်များအတွက် ဂုဏ်ပြုသီဆိုပေး ခဲ့သည်။ **(SKY)**

# ကာလီဖိုးနီးယားအခြေစိုက် အာချာကုမ္ပဏီ မိုးပျံအငှားယာဉ်စနစ်အကြောင်း မိတ်ဆက်

**ဝါရှင်တန် ဩဂုတ် ၉**

အာချာလေကြောင်းပျံသန်းမှုကုမ္ပဏီက လော့စ်အိန်ဂျလိစ်မြို့ ပတ်ဝန်းကျင်တွင် ကြုံတွေ့နေရသော ဆိုးရွားသည့် လမ်းပန်းဆက်သွယ်ရေးပြဿနာများကို ဖြေရှင်းရန်အတွက် အစီအစဉ်အချို့ကို မကြာသေးမီက မိတ်ဆက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




အဆိုပါကုမ္ပဏီက တောင်ပိုင်းကာလီဖိုးနီးယားဒေသအတွက် မိုးပျံအငှားယာဉ်စနစ်တစ်ခုကို ဖော်ဆောင်နေကြောင်း အသိပေးမိတ်ဆက်ခဲ့ပြီး လာမည့်နှစ်အနည်းငယ်အတွင်း အများပြည်သူ စတင်အသုံးပြုခွင့်ရရှိမည်ဟု ဆိုသည်။

ကာလီဖိုးနီးယားအခြေစိုက် အာချာလေကြောင်းပျံသန်းမှုကုမ္ပဏီအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော အဆင့်မြင့်ထုတ်လုပ်မှုအတွက် လေကြောင်းလုပ်ငန်းဆိုင်ရာ နာမည်ကြီးကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခဲ့သည်။

တောင်ကိုရီးယား၊ အာရပ်စော်ဘွားများနိုင်ငံတို့နှင့်လည်း လုပ်ငန်းအတွက် အပြန်အလှန်သဘောတူစာချုပ်များလည်း ချုပ်ဆိုထားသည်။

လက်ရှိအခြေအနေအရ အမေရိကန်နိုင်ငံအတွင်းရှိ ထိုကုမ္ပဏီ၏ မိုးပျံအငှားယာဉ်စနစ်ကို လော့စ်အိန်ဂျလိစ်နှင့် ပတ်ဝန်းကျင်ဒေသများမှာ စတင်အသုံးပြုနိုင်မည်ဖြစ်သည်။ **Mon**

# ကိုရီးယားခေါက်ဆွဲအစပ် ပြန်လည်ရောင်းချခွင့်ပြု၊ စောင့်မျှော်နေသော ကိုပင်ဟေဂင်မြို့သားများ ပျော်ရွှင်




**ကိုပင်ဟေဂင် ဩဂုတ် ၉**

မကြာသေးမီက ပိတ်ပင်ထားသည့် အပြင်းစား ကိုရီးယားခေါက်ဆွဲပြုတ်ကို ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင် မြို့တော်တွင် ဩဂုတ် ၈ ရက်က ဈေးကွက်တင်ရောင်းချမှုပြန်လည်လုပ်ဆောင်ခဲ့ရာ စောင့်မျှော်နေသော မြို့သူမြို့သားများ အလုအယက်သွားရောက်ဝယ်ယူအားပေးခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါခေါက်ဆွဲအမျိုးအစားသည် အလွန်စပ်သဖြင့် ဒိန်းမတ်စားနပ်ရိက္ခာနှင့် သက်သတ်လွတ်အဖွဲ့အစည်းက အစပ်အဆင့်လွန်ကဲပြီး ကျန်းမာရေးအတွက် အန္တရာယ်ရှိသည်ဆိုကာ လွန်ခဲ့သော ဇွန်လတွင် ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။

ပူစပ်လွန်းသဖြင့် လူအချို့တွင် မူးဝေခြင်း၊ ဗိုက်နာခြင်း၊ သွေးတိုးခြင်းနှင့် ဗိုက်အောင့်ခြင်း စသော ဆိုးရွားသည့် ကျန်းမာရေးပြဿနာများ ကြုံတွေ့နိုင်သည်။

"အရမ်းစပ်ပါတယ်။ ဒါပေမယ့် အကြိမ်ကြိမ်စားဖြစ်တော့ ပိုပြီး အရသာတွေ့လာတယ်"ဟု သဘောပေါက်၍ ချက်ပြုတ်သောယင်းခေါက်ဆွဲစားရန် စောင့်ဆိုင်းနေသည့် ကိုပင်ဟေဂင်မြို့သား ဖိလစ် က ပြောပြသည်။

ကလေးသူငယ်များနှင့် လူငယ်များ ထိုခေါက်ဆွဲစားရာတွင် စပ်လွန်းသဖြင့် အန္တရာယ်ရှိနိုင်သည်ဟု ဇွန်လက အထူးသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

"ဒီခေါက်ဆွဲတွေ ပိတ်သွားတော့ အထုပ် ၅၀ လောက် စုထားခဲ့တာ။ အခုတော့ အတိုးချပြီး ပြန်ရောင်းနိုင်ပြီ။ အခုအလွယ်တကူရနိုင်တော့ ပိုပြီးပျော်ရွှင်ရပါတယ်"ဟု ဖိလစ်က ဆက်လက်ပြောကြားခဲ့သည်။ **Mon**

# အာရှဈေးကွက်အတွက် ကံဆိုးသောနေ့ရက်များ ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကုန်လွန်သွားခဲ့

**ကင်ဘာရာ ဩဂုတ် ၉**

အာရှအစုရှယ်ယာဈေးကွက်အတွက် ကံဆိုးသောနေ့ရက်များ ယခုသီတင်းပတ်နှောင်းပိုင်းတွင် ကုန်လွန်သွားခဲ့ပြီဖြစ်ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

ဂျပန်နစ်ကေးစတော့ဈေးနှုန်းသည် ဩဂုတ် ၉ ရက်တွင် ၁ ဒသမ ၇ ရာခိုင်နှုန်းတက်ခဲ့ပြီး အမေရိကန်ဈေးကွက်တွင် ဩဂုတ် ၅ ရက်က ၁၃ ရာခိုင်နှုန်းကျခဲ့သည့်ပမာဏကို ထက်ဝက်ပြန်လည်ရယူနိုင်ခဲ့ရာ တစ်ပတ်စာကျဆင်းမှု ၁ ဒသမ ၅ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

ဂျပန်နိုင်ငံပြင်ပ အာရှ-ပစိဖိတ်ဒေသ အစုရှယ်ယာအညွှန်းကိန်းသည် ၁ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် ကျဆင်းခဲ့သည်ကို ပြန်လည်ရယူထားရာ တစ်ပတ်လုံးအတွက် ၀ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်သည်။

ဗူလိုင်လကုန် စားသောက်ကုန်ဈေးနှုန်းမြင့်တက်မှုသည် ၀ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ပြီး ၀ ဒသမ ၃ ရာခိုင်နှုန်းသာ မြင့်တက်နိုင်သည်ဟု မျှော်မှန်းထားသည်ထက် အနည်းငယ် ပိုများနေကြောင်း တရုတ်၏ စီးပွားရေးစစ်တမ်းများ၌ ဖော်ပြသည်။

တရုတ်ဘလူးချစ်ပ်ရှယ်ယာဈေးနှုန်းသည် ၀ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဟောင်ကောင်၏ ဟန်စန်းအညွှန်းကိန်းမှာမူ ၁ ဒသမ ၄ ရာခိုင်နှုန်းတက်ခဲ့ကြောင်း သိရသည်။ **Mon**

# ရုရှားစစ်တုရင်ပြိုင်ပွဲတွင် ကစားသမားတစ်ဦးက ပြိုင်ဘက်ကို အဆိပ်ခတ်

**မော်စကို ဩဂုတ် ၉**

ရုရှားနိုင်ငံ မာခစ်(ချ်)ကားလာမြို့တွင် ပြီးခဲ့သည့် ဩဂုတ် ၂ ရက်က စတင်ကျင်းပခဲ့သည့် ဒေဂီစတန်စစ်တုရင်ပြိုင်ပွဲ၌ အမျိုးသမီးကစားသမား နှစ်ဦးအနက် အသက် ၄၀ နှစ်အရွယ် အာမီးန အားဘခါရိုဗာသည် ၄င်း၏ပြိုင်ဘက်ဖြစ်သူ အသက် ၃၀ နှစ်အရွယ် အူမိုင်ဂန အိုစမားနိုဗာ ကစားမည့် စစ်တုရင်အရုပ်အချို့နှင့် စစ်တုရင်ခုံပေါ်သို့ အဆိပ်ဟုယူဆရသော အမှုန့်များ ဖြူးခဲ့ကြောင်း ဖရီးပရက်စ်ဂျာနယ်သတင်းဌာနက ဖော်ပြသည်။



အဆိပ်မိသူသည် ပွဲပြီးချိန်တွင် ပြင်းပြင်းထန်ထန် မူးဝေခြင်း၊ ပျို့အန်ခြင်း စသည်တို့ခံစားခဲ့ရသဖြင့် ပြိုင်ပွဲကြီးကြပ်သူက စောင့်ကြည့်ကင်မရာမှတ်တမ်းများကို ပြန်လည်စစ်ဆေးခဲ့ပြီးနောက် ထိုလုပ်ရပ်အပေါ် သံသယရှိကာ ရဲကို တိုင်ကြားခဲ့သည်။

၄င်းတို့နှစ်ဦးသည် ငယ်စဉ်ကတည်းက ပြိုင်ဘက်များဖြစ်ခဲ့ပြီး ပုဂ္ဂိုလ်ရေးရန်ငြိုးကြောင့် ယခုကဲ့သို့ ပြုလုပ်လာခဲ့သည်ဟု အဆိပ်ခတ်သူက ဝန်ခံခဲ့သည်။ အဆိပ်မိသူသည် နေမကောင်းဖြစ်ပြီးနောက် ပြန်လည်သက်သာလာပြီး ဆက်လက်ပြိုင်ပွဲဝင်ခဲ့ရာ ဒုတိယနေရာ ရခဲ့သည်။

အာမီးန အားဘခါရိုဗာသည် စစ်တုရင်ကစားသမားအဖြစ်မှ တစ်သက်တာ ပိတ်ပင်ခံရခြင်းနှင့် ထောင်ဒဏ် သုံးနှစ်အပြင် အခြားပြစ်ဒဏ်များ ကျခံရနိုင်ဖွယ်ရှိကြောင်း သိရသည်။ **Mon**





# ဒေါ်နယ်လ်ထရမ့်နှင့် ကာမာလာဟဲရစ်တို့နှစ်ဦး စက်တင်ဘာ ၁၀ ရက်တွင် စကားစစ်ထိုးမည်

**ဝါရှင်တန် ဩဂုတ် ၉**

ဒေါ်နယ်လ်ထရမ့်နှင့် ကာမာလာဟဲရစ်တို့အကြား ပထမဆုံးအကြိမ် စကားစစ်ထိုးပွဲကို လာမည့် စက်တင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း အေဘီစီသတင်းဌာနက ဖော်ပြသည်။

စကားစစ်ထိုးပွဲကို သုံးကြိမ်ပြုလုပ်သင့်သည်ဟု ထရမ့်က အကြံပြုခဲ့ပြီးနောက် ထိုပွဲများအတွက် ဖောက်စ်နှင့် အင်န်ဘီစီတို့က အခမ်းအနားနှစ်ခုကို လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဒေါ်နယ်လ်ထရမ့်နှင့် ယှဉ်ပြိုင်စကားစစ်ထိုးရန်အတွက် စက်တင်ဘာ ၁၀ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း ကာမာလာဟဲရစ်က ဒက်ထရွိုက်မြို့၌ အတည်ပြုလိုက်ပြီး မိမိအတွက် အလွန်စိတ်ဝင်စားစရာကောင်းလိမ့်မည်ဟုလည်း ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**






မူဟာမ်မတ်ယူနွတ်စ်(အလယ်လူ) ဘင်္ဂလားဒေ့ရှ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ်အဖြစ် ဩဂုတ် ၉ ရက်က ဒက္ကာမြို့၌ ကျမ်းသစ္စာကျိန်ဆိုနေစဉ်။ **Mon**

# ကမ္ဘောဒီးယား တူးမြောင်းဖောက်လုပ်ရေးစီမံကိန်းကို ဗီယက်နမ်ထောက်ခံပြီး ဆွေးနွေးညှိနှိုင်းရန် ကမ်းလှမ်း

**ဟနွိုင်း ဩဂုတ် ၉**

ကမ္ဘောဒီးယားနိုင်ငံ၏ မဲခေါင်မြစ်ဝှမ်းအတွင်း ကမ္ဘောဒီးယားကမ်းရိုးတန်းသို့ တူးမြောင်းဖောက်လုပ်ရေးစီမံကိန်းကို ဗီယက်နမ်က ထောက်ခံပြီး ယင်းတူးမြောင်း၏ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရှာဖွေရန် တွေ့ဆုံဆွေးနွေးလိုသော ဆန္ဒရှိသည်ဟု ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ကုန်ကျမည့် အဆိုပါတူးမြောင်းကို ကမ္ဘောဒီးယားအာဏာပိုင်များက ဩဂုတ် ၅ ရက်တွင် စတင်တူးဖော်ခြင်း ပြုလုပ်ခဲ့သည်။

ကမ္ဘောဒီးယားအစိုးရအနေဖြင့် ထိုစီမံကိန်းသည် ကမ္ဘောဒီးယားမှ သင်္ဘောတင်ပို့ခြင်းများကို ဗီယက်နမ်ကို အမှီပြုခြင်းမှ ကင်းလွတ်စေရန် ရည်ရွယ်ကြောင်း သိရသည်။ **Mon**

## မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝ လက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၉**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာ ရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းကို မန္တလေးမြို့တွင် နေထိုင်လျက်ရှိသည့် ကိုးကန့်တိုင်းရင်းသားမိသားစုများက သဘောထားထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းမှ အိမ်တိုင်ရာရောက် ထောက်ပံ့ငွေများ ပေးအပ်

**မန္တလေး ဩဂုတ် ၉**

မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကွယ်လွန်သွားသည့် အသင်းဝင်စာရေးဆရာများအတွက် နာရေးထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိရာ မန္တလေး၊ မဟာအောင်မြေ စာရေးဆရာအသင်းမှ ကွယ်လွန်သွားကြသည့် အသင်းဝင်စာရေးဆရာ မိသားစုဝင်များထံ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ထောက်ပံ့သည့်ငွေများအား မြို့နယ်စာရေးဆရာအသင်းက ဩဂုတ် ၄ ရက်နှင့် ၅ ရက်များတွင် အိမ်တိုင်ရာရောက် နာရေးထောက်ပံ့ကြေးငွေများကို ပေးအပ်လျက်ရှိသည်။

ကွယ်လွန်သွားကြသည့် စာရေးဆရာမကြီး ဒေါက်တာ ဒေါ်တင်အေးကြည်၊ စာရေးဆရာမကြီး ဒေါ်ချိုချို(ရေစကြို)၊ စာရေးဆရာကြီး မန္တလေး မောင်အောင်ခင်တို့အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းစီအား မဟာအောင်မြေ စာရေးဆရာအသင်းဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် အမှုဆောင်ဆရာ ဦးထွန်းမြင့်(အိုးဝေမြေနီကျင်း)တို့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ဆိုင်ရာ ကွယ်လွန်သူ စာရေးဆရာများ၏ မိသားစုဝင်များက လက်ခံရယူကြသည်။

(အောက်ပုံ)

(၀၅၀)



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၇ ရက် မွန်းလွဲ ၂နာရီက သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့နယ်၊ ဘိုးနေဒွန်းကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ဒွေး၊ မင်းသီဟနှင့်မောင်လှိုင်ဆိုသူတို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ် ဆေးပြား ၃၅၉၇၅အား တွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အောင်ဒွေး(၃၀)နှစ်၊ မင်းသီဟ (၂၃)နှစ်နှင့် မောင်လှိုင်(၄၁)နှစ်ဆိုသူတို့အား ပိတ်ချင်းမြောင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၆ ရက် ညနေ ၄နာရီ ၄၅မိနစ်က သတင်းအရ သက်သေများနှင့်အတူ နမ့်စန်မြို့၊ ရပ်ကွက်(၄)၊ သုခိတာလမ်းနေ စိုင်းအောင်ထွေးဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၀၀နှင့် ဘိန်းဖြူအလေးချိန် ၃၃၅၇ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအောင်ထွေး(၂၄)နှစ်ဆိုသူအား နမ့်စန်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## မိုးရွာသွန်းမှုကြောင့်သစ်ပင်လဲကျပြီး ယာဉ်ပေါ်ပိမိ ရှင်းလင်းဖယ်ရှားပေး

**ရမည်းသင်း ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊မြို့မရပ်ကွက်၊ သီလဝလမ်းတွင် ဩဂုတ် ၈ရက် မွန်းလွဲ ၃နာရီခန့်က မိုးရွာသွန်းပြီး လေတိုက်ခတ်မှုကြောင့် လုံးပတ် ၃ပေ၊ အမြင့်၂၀ပေရှိ မန်ကျည်းပင်လဲကျ၍ လမ်းဘေးတွင် ရပ်ထားသော ဆူဇူကီးအမျိုးအစား ဖဖဝစီစီယာဉ်ပေါ်တွင် သစ်ကိုင်းများ ပိမိနေကြောင်း သတင်းရရှိသဖြင့် ရမည်းသင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေး သန္နမီးသတ်တပ်ဖွဲ့ဝင်များ၊ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့များ သွားရောက်ရှင်းလင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ သစ်ပင်လဲကျမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)



## ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျ

**နေပြည်တော် ဩဂုတ် ၉**

နေပြည်တော် လယ်ဝေး မြို့နယ် ကြက်သွန်းခင်းကျေးရွာတွင် ဩဂုတ် ၅ရက် နံနက် ၆နာရီခန့်က ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျနေကြောင်း သတင်းရရှိသဖြင့် လယ်ဝေးမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ယာယီကမ်းပါးထိန်းနံရံပြုလုပ်ခြင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(၀၄၅)

## တရားမဝင်ဆေးဝါးအတုများနှင့် သက်တမ်းလွန်ဆေးဝါးပစ္စည်းများ ဈေးကွက်အတွင်းရောင်းချမှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ပခုက္ကူမြို့၌ တရားမဝင်ဆေးဝါးအတုများနှင့် သက်တမ်းလွန်ဆေးဝါးပစ္စည်းများ ဈေးကွက်အတွင်း ရောင်းချမှုရှိ၊မရှိ အခြေအနေများကို ယမန်နေ့ နံနက် ၈နာရီခွဲက တာဝန်ရှိသူများ ရှောင်တခင် ကွင်းဆင်းစစ်ဆေးကြသည်။**(အောက်ပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်းပြီး ပခုက္ကူမြို့ပေါ်ရပ်ကွက်များအတွင်း ဖွင့်လှစ်ရောင်းချနေသည့် ဆေးဝါးပစ္စည်းအရောင်းဆိုင်များ၌ တရားမဝင်ဆေးဝါးအတုများ၊ သက်တမ်းလွန် ဆေးဝါးများ၊ စံချိန်စံညွှန်းအရည်အသွေးများနှင့် ကိုက်ညီမှုမရှိသည့် ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချမှု ရှိ၊မရှိ၊ စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ဆေးဝါးပစ္စည်းများ ရောင်းချမှုရှိ၊မရှိ အခြေအနေများကို ရှောင်တခင်ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ဆေးဝါးပစ္စည်းအရောင်းဆိုင်ပိုင်ရှင်နှင့်တွေ့ဆုံကာ ကျန်းမာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသည့် ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချရေး၊ စားသုံးပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရသည့် ဆေးဝါးပစ္စည်းများ ရောင်းချရေးတို့ကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြသည်။

(၃၄၀)



ဥပဒေဘောင်တွင်း နေထိုင်ခြင်း၊ ဘေးကင်း ရန်ကွာ လွန်ချမ်းသာ။

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

နေပြည်တော် ဩဂုတ် ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အပြစ်မဲ့အရပ်သား ပြည်သူများ အပေါ် MNDAA အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့တွင် မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး (ဗဟို) က ဦးဆောင်၍ ပြုလုပ်သည်။



ဦးစွာ ကန့်ကွက်ရှုတ်ချဆန္ဒဖော်ထုတ်ပွဲသို့ တက်ရောက်လာကြသူများက "အပြစ်မဲ့အရပ်သား ပြည်သူများကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ လူမဆန်သော ရက်စက်ယုတ်မာမှုများအား ကန့်ကွက် ရှုတ်ချပါသည်"၊ "MNDAA နှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက် သတ်ဖြတ်ခံရသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ အပြစ်မဲ့ အရပ်သားပြည်သူများ အတွက် ဝမ်းနည်းကြေကွဲရပါသည်"၊ "MNDAA အကြမ်းဖက်အဖွဲ့က အပြစ်မဲ့အရပ်သားပြည်သူ ရာနှင့်ချီ၍ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော လူမဆန်သည့် လုပ်ရပ်အား ပြင်းထန်စွာကန့်ကွက် ရှုတ်ချသည်"၊ "တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ခန္ဓာ စွန့်၍ တိုက်ပွဲဝင်နေကြသော တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်" စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာ အသီးသီးတွင် နေရာယူကြသည်။

ဆက်လက်၍ MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့က လားရှိုးမြို့ တပ်မတော်ဆေးရုံရှိ ဆရာဝန်၊ သူနာပြု၊ အရပ်သား ပြည်သူများအပေါ် လူမဆန်သော ယုတ်မာမှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ အကြမ်းဖက်နှိမ်နင်းရေး၊ အကြမ်းဖက်ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် "MNDAAနှင့် ပူးပေါင်းအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်၊ အပြစ်မဲ့အရပ်သားပြည်သူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့သော MNDAA အကြမ်းဖက်အဖွဲ့အား အလိုမရှိ၊ အပြစ်မဲ့ပြည်သူများစွာကို ရက်စက်စွာသတ်ဖြတ်နေသည့်အကြမ်းဖက်များ အလိုမရှိ၊ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ် နှိမ်နင်းဆောင်ရွက်ပေးရေး ဒို့အရေး၊ ပြည်သူကို သတ်ဖြတ်နေသည့် အကြမ်းဖက်အဖွဲ့များ ကျရှုံးပါစေ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းဖို့ ပြည်ဖျက်မိစ္ဆာတွေကို တိုက်ထုတ်ကြပါစို့" စသည့် ကြွေးကြော်သံများ ကြွေးကြော်ပြီး ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ လေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများ ဖြန့်ဝေလျက်ရှိ




နေပြည်တော် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ထန်းတောကြီးကျေးရွာကို ဩဂုတ် ၇ ရက်တွင် တပ်မတော်မှလက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူလေးဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းမာပင်မြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး လက်နက်ကြီးဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေးဆောင်ရွက်မှုများကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အဝေးမှပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏ လုပ်ဆောင်နေပြီး ၎င်းတို့ပစ်ခတ်သည့် အချို့လက်နက်ကြီးကျည်များသည် ကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများရှိခဲ့ကြောင်း သိရှိရသည်။

ယင်းဖြစ်စဉ်များကို တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင်သတင်းအမှားများကို ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း သတင်းတု၊ သတင်းမှားများ ဖော်ပြလျက်ရှိ

နေပြည်တော် ဩဂုတ် ၉

ကျိုက်စကောအကျဉ်းထောင်တွင် အကျဉ်းသားများ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနေကြောင်း DVB TV News အမည်ခံ Facebook Page တွင် ဇူလိုင် ၃၁ ရက်က သတင်းတု၊ သတင်းမှားစွပ်စွဲရေးသား ဖော်ပြခဲ့ကြောင်း တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ရာ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းများတွင် ရာသီဥတုအရ ဖြစ်ပေါ်လာနိုင်သော ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှုမရှိစေရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်ရုံး၏ ညွှန်ကြားချက်များနှင့်အညီ အိပ်ဆောင်များအား သန့်ရှင်းရေးစနစ်တကျ ပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ မိလ္လာနေရာများကို ထုံးဖြူးခြင်း၊ သောက်ရေသန့်ကိုသာ သောက်သုံးစေခြင်း၊ ပါဆယ်ပစ္စည်းများကို လက်ခံရာတွင်လည်း ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေးပြီးမှ လက်ခံပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ထို့ပြင် ဒိုက်ဦး ဗဟိုအကျဉ်းထောင်နှင့် ကျိုက်စကောစခန်းများရှိ အကျဉ်းသားအကျဉ်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားမှု ရှိ/မရှိ အကျဉ်းထောင်ဆေးရုံအုပ်က ကျန်းမာရေးကြည့်ရှုစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူမရှိဘဲ အကျဉ်းသားများ၏ ကျန်းမာရေးအတွက် အကျဉ်းထောင်ဆရာဝန်၏ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူစောင့်ရှောက်ကုသလျက်ရှိကာ လိုအပ်သောဆေးဝါးများကို ဌာနရန်ပုံငွေမှ ကျခံသုံးစွဲလျက်ရှိ၍ ဆေးဝါးကုသပေးခြင်းအတွက် ငွေပေးရန်မလိုကြောင်း သိရသည်။

ထို့ကြောင့် DVB TV News အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန်နှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင် ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်ကြောင်း သိရသည်။

ကိုဖြိုး

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Phyo Thu Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ ဖြိုးသူအောင် (ခ)ဖြိုးကြီးအား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Ko Sai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက်နေ စိုင်းဇင်မော်အား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထိုင်းနိုင်ငံမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို အတင်းအဓမ္မ စစ်သားစုဆောင်းရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခေါ်ဆောင်သွားကြောင်း သတင်းအမှားများဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၉

ထိုင်းနိုင်ငံ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာန ထိန်းသိမ်းရေးစခန်းမှ ပြန်လည်လွှဲပြောင်းပေးခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အတင်းအဓမ္မ စစ်သားစုဆောင်းရန် ခေါ်ဆောင်သွားကြောင်း သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါ လွှဲပြောင်းပေးခဲ့သူများကို တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စနစ်တကျလက်ခံ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများကို အကြောင်းအရာမျိုးစုံဖြင့် မဟုတ်မမှန်လုပ်ကြံရေးသားကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**အားကစားမြင့်တင် စိတ်လန်းရွှင်၊ ဆန့်ကျင် မူးယစ်ဆေး။**

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Anna Bondar တက်ရောက်

**ဟမ်းဘတ် ဩဂုတ် ၉**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဟန်ဂေရီတင်းနစ်မယ် Anna Bondar တက်ရောက်ခဲ့သည်။

အဆိုပါ ဟန်ဂေရီတင်းနစ်မယ် Anna Bondar သည် 2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင်အိမ်ရှင်ဂျာမနီ တင်းနစ်မယ် Eva Lys အား အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Hamburg European Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Anna Bondar နှင့် ဆားဘီယားတင်းနစ်မယ် Olga Danilovic တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(အပေါ်ယာပုံ)**

**(NGB)**



## ပီပီ ဘောလုံးကစားသမားဘဝမှ အနားယူ


**လန်ဒန် ဩဂုတ် ၉**

ပေါ်တိုအသင်းနှင့် ပေါ်တူဂီလက်ရွေးစင်အသင်း ဝါရင့်နောက်ခံကစားသမားပီပီ ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ပေါ်တို၊ ရီးရဲလ်မက်ဒရစ်၊ ဘီဆစ်တပ်စ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သလို နိုင်ငံ့လက်ရွေးစင်အသင်း ဖြစ်သည့် ပေါ်တူဂီလက်ရွေးစင်အသင်းနှင့်လည်း ၂၀၀၇ မှ ၂၀၂၄ အထိ ပြိုင်ပွဲပေါင်း ၁၄၁ပွဲ ကစား ကာ ၈ဂိုး သွင်းယူနိုင်ခဲ့သည်။

အသက်(၄၁)နှစ်အရွယ်ရှိ ပီပီက "ကျွန်တော်က ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ကျွန်တော်ဘောလုံးကစားခဲ့တဲ့ အချိန်တွေကိုလည်း အမြဲအမှတ်ရနေမှာပါ။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



## အန်ဆယ်မိနိအား ချဲလ်ဆီးအသင်းခေါ်ယူ

**လန်ဒန် ဩဂုတ် ၉**

ချဲလ်ဆီးအသင်းသည် ဘိုကာဂျူနီယာအသင်း နောက်ခံကစားသမား အန်ဆယ်မိနိအား စတာလင်ပေါင် ၁၆သန်း ဝန်းကျင်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။




နောက်ခံကစားသမား အန်ဆယ်မိနိသည် ဘိုကာဂျူနီယာအသင်းနှင့်အတူ ၂၀၂၃ မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲ ၁၀ပွဲ ကစားကာ ၁ ဂိုးသွင်းယူထားသလို၊ အနာဂတ်တွင်လည်း ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် နောက်ခံကစားသမား အန်ဆယ်မိနိကို ယခုနှစ်ဘောလုံးရာသီတွင် ဘိုကာဂျူနီယာအသင်းသို့ တစ်ရာသီအငှားဖြင့် ပြန်လည်စေလွှတ်သွားဦးမည်ဖြစ်သည်။

**(ဝဲပုံ)(NGB)**

## ဝီလီယံအော်ဆူလာအား နယူးကာဆယ်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၉**

နယူးကာဆယ်အသင်းသည် ရှက်ဖီးလ်ယူနိုက်တက်အသင်း တိုက်စစ်မှူး ဝီလီယံအော်ဆူလာအား စတာလင်ပေါင် ၁၂သန်းဖြင့် အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရှက်ဖီးလ်ယူနိုက်တက်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၄ပွဲ ကစားပြီး ၃ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဝီလီယံအော်ဆူလာသည် အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

နယူးကာဆယ်အသင်းသည် လက်ရှိ ဈေးကွက်အတွင်းတွင် ကစားသမား ၄ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(NGB)



## ဘောလုံးသတင်း အတိုအထွာများ

* စီးရီးအေကလပ် ဖီအိုရင်တီးနားအသင်းသည် မန်ချက်စတာယူနိုက်တက် ဂိုးသမားဟောင်း ဒီဂီယာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* နောက်ခံကစားသမားသစ် ဗာရန်းသည် ကိုမိုအသင်းတွင် ကျောနံပါတ် ၁၉ ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

(NGB)

## ၂၀၂၄ ပါရီအိုလံပစ်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | ညဉ့်၉း၃၀နာရီ | ဘရာဇီး - အမေရိကန် |

## အင်္ဂလိပ် ကွန်မြူနတီဒိုင်း ဘောလုံး ဗိုလ်လုပွဲ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် | နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု |
|---|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | ည၁၀း၃၀နာရီ (ဝင်ဘလေကွင်း) | မန်စီးတီး - မန်ယူ | မန်စီးတီး ၁-၂ မန်ယူ (၂၅-၅-၂၀၂၄အက်ဖ်အေဖလား) |

## ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်(ပွဲစဉ် ၁၊၂၊၃၊၄ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | ညနေ၃း၃၀နာရီ (တောင်ကြီးကွင်း) | (၁)ရှမ်း - အားကာ/သိပ္ပံ(၅) (W,W,W,W,D) (L,W,L,W,W) | ရှမ်း ၂-၀ အားကာ/သိပ္ပံ အားကာ/သိပ္ပံ ၁-၃ ရှမ်း |
| ။ | ညနေ၃း၃၀နာရီ (ပုသိမ်ကွင်း) | (၈)ရောဝတီ - ဟံသာဝတီ(၂) (D,L,L,L,W) (W,W,D,W,W) | ရောဝတီ ၁-၀ ဟံသာဝတီ ဟံသာဝတီ ၁-၀ ရောဝတီ |
| ။ | ညနေ၄း၀၀နာရီ (သုဝဏ္ဏကွင်း) | (၁၁)ရခိုင် - သစ္စာအားမာန်(၁၂) (L,L,L,D,L) (L,L,L,L,L) | ——— |

## အင်္ဂလိပ် ချန်ပီယံရှစ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | ညနေ၆း၀၀နာရီ | ကာဒစ်ဖ် - ဆန်းဒါးလန်း | ကာဒစ်ဖ် ၀-၂ ဆန်းဒါးလန်း<br>ဆန်းဒါးလန်း ၀-၁ ကာဒစ်ဖ် |
| ။ | ။ | ဟားလ်စီးတီး - ဘရစ္စတိုး | ဟားလ်စီးတီး ၁-၁ ဘရစ္စတိုး<br>ဘရစ္စတိုး ၃-၂ ဟားလ်စီးတီး |
| ။ | ။ | လီဒ်စ် - ပို့စ်မောက် | လီဒ်စ် ၁-၀ ပို့စ်မောက်<br>ပို့စ်မောက် ၀-၁ လီဒ်စ် |
| ။ | ။ | မစ်ဒယ်ဘရော့ - ဆွမ်ဆီး | မစ်ဒယ်ဘရော့ ၂-၀ ဆွမ်ဆီး<br>ဆွမ်ဆီး ၁-၂ မစ်ဒယ်ဘရော့ |
| ။ | ။ | မီလ်ဝေါ - ဝက်စ်ဗို့ဒ် | မီလ်ဝေါ ၁-၀ ဝက်စ်ဗို့စ်<br>ဝက်စ်ဗို့စ် ၂-၂ မီလ်ဝေါ |
| ။ | ။ | အောက်စ်ဖို့ဒ် - နော့ဝစ်ချ် | အောက်စ်ဖို့စ် ၂-၄ နော့ဝစ်ချ်<br>နော့ဝစ်ချ် ၁-၃ မီလ်ဝေါ |
| ။ | ။ | QPR - ဝက်စ်ဘရွန်း | QPR ၂-၂ ဝက်စ်ဘရွန်း<br>ဝက်စ်ဘရွန်း ၂-၀ QPR |
| ။ | ။ | စတုတ် - ကိုဗင်ထရီ | စတုတ် ၀-၁ ကိုဗင်ထရီ<br>ကိုဗင်ထရီ ၀-၀ စတုတ် |

## နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၈-၂၀၂၄ စနေနေ့ | ညနေ၅း၃၀နာရီ | ဆောက်သမ်တန်(အင်္ဂလန်) - ဂီတာဖေး(စပိန်) |
| ။ | ည၈း၀၀နာရီ | စတုဂတ်(ဂျာမနီ) - ဘီလ်ဘာအို(စပိန်) |
| ။ | ။ | လေဗာကူဆင်(ဂျာမနီ) - ဘက်တစ်(စပိန်) |
| ။ | ည၈း၃၀နာရီ | ဝုဖ်(အင်္ဂလန်) - ဗယ်လက်ကာနို(စပိန်) |
| ။ | ။ | လန်းစ်(ပြင်သစ်) - လက်စတာ(အင်္ဂလန်) |
| ။ | ။ | ဝက်စ်ဟမ်း(အင်္ဂလန်) - ဆဲလ်တာဗီဂို(စပိန်) |
| ။ | ။ | ဘရိုက်တန်(အင်္ဂလန်) - ဗီလာရီးရဲလ်(စပိန်) |
| ။ | ည၉း၃၀နာရီ | ဟော့ဖန်ဟိမ်း(ဂျာမနီ) - ဖူလ်ဟမ်(အင်္ဂလန်) |
| ။ | ။ | နယူးကာဆယ်(အင်္ဂလန်) - ဘရက်(ပြင်သစ်) |
| ။ | ။ | ဒေါ့မွန်(ဂျာမနီ) - ဗီလာ(အင်္ဂလန်) |
| ။ | ည၉း၄၅နာရီ | ဘုန်းမောက်(အင်္ဂလန်) - ဂျီရိုနာ(စပိန်) |
| ။ | ည၁၀း၃၀နာရီ | အဲဗာတန်(အင်္ဂလန်) - ရိုးမား(အီတလီ) |
| ။ | ။ | လိုက်ပဇစ်(ဂျာမနီ) - PSG (ပြင်သစ်) |
| ။ | ည၁၁း၀၀နာရီ | စပါး(အင်္ဂလန်) - ဘိုင်ယန်မြူးနစ်(ဂျာမနီ) |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) တည်ဆောက်နေမှုနှင့် ဘော်ကျေးရွာတွင် စိုက်ပျိုးရေးဇုန် ဧက ၁၀၀ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအခြေအနေတို့အား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့တွင် အကောင်အထည် ဖော်ဆောင်ရွက်နေသည့် သုမင်္ဂလာ ဈေး(ညံ့တောဈေး) တည်ဆောက် နေမှုနှင့် ဘော်ကျေးရွာတွင် စိုက်ပျိုးရေးဇုန် ဧက ၁၀၀ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး(ညံ့တောဈေး)အား ခေတ်မီအဆင့်မြင့်အာရ်စီ ၆ထပ် ဈေးကြီးအဖြစ် တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး Foundation နှင့် မြေအောက်ထပ် ယာဉ်ရပ်နားရန်နေရာပြီးစီးမှု၊ မြေညီထပ် စတင်တည်ဆောက်နေမှု နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အမျိုးသားကန်တော်ကြီး ဥယျာဉ်သို့ ရောက်ရှိပြီး ကန်တော်ကြီးအတွင်း Buggy way အရှည် ၅၁၀၀ ပေ အကျယ် ၁၂ ပေ နိုင်လွန်ကတ္တရာခင်းကျင်းထားမှု၊ ကြံ့စာပင် စိုက်ပျိုးထားရှိမှုနှင့် ချင်းပြည်နယ်မှ တောင်ဇလပ်နီပင်မျိုးယူ၍ စိုက်ပျိုးထားရှိပြီး ရှင်သန်နေမှု၊ ကန်ပေါင်ဘေး အပန်းဖြေလျှောက်လှမ်း စီစဉ်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကန်တော်လေးရေလှောင်ကန် ရေဝပ်ဧရိယာအထက်ပိုင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်း ကောင်း လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။



၄င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် စိုက်ပျိုးရေးဇုန် နှင့် မွေးမြူရေးဇုန် စုစုပေါင်းဧက ၂၀၀ အကောင်အထည်ဖော်ဆောင် ရွက်နေသည့် ဘော်ကျေးရွာ သို့ရောက်ရှိပြီး စိုက်ပျိုးရေးဇုန် ဧက ၁၀၀ တွင် စိုက်ကွက်အလိုက် ကော်ဖီထုပ်ပင်များ စိုက်ပျိုးဖြစ် ထွန်းအောင်မြင်နေမှု၊ စိုက်ကွက် အမှတ်(၂) လုပ်ငန်းရှင် ဦးမိုးသက် ဆွေ၏ စိုက်ခင်းတွင် စိုက်ပျိုး ရေးအတွက် ၄ လက်မ မြေ အောက်ရေတူးဖော်ဆောင်ရွက်နေ မှုများကို လည်းကောင်း၊ စိုက် ကွက်အမှတ်(၁) လုပ်ငန်းရှင် ဦးကျော်ဇေယျာဦး၏ စိုက်ခင်းတွင် စိုက်ပျိုးရေးအတွက် သဘာဝ ရေထွက်မှရေအားသွယ်တန်းရ ယူကာရေဂါလန် ၂၅၀၀၀၀ဆံ့ သိုလှောင်ကန်တွင် သိုလှောင်၍ စိုက်ခင်းအတွင်း အသုံးပြုနေမှုတို့ကို လိုက်လံကြည့်ရှုကာ လိုအပ်သည် များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**(မန္တလေးနေ့စဉ်)**











# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်






**မန္တလေး ဩဂုတ် ၉**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ပြုလုပ်ရာ တိုင်းဒေသကြီးသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေးအဖွဲ့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးသာသနာရေးမှူးဦးကျော်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

၄င်းနောက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေးအဖွဲ့ တိုင်းဒေသကြီး သာသနာရေးမှူးက တိုင်းဒေသကြီးအတွင်းရှိ ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ၂၀၂၅ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ၁၅ မျိုး ဆက်ကပ်အပ်နှင်းရေးနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

သတင်း-စာမျက်နှာ ၁၂















# အရုပ်ကလေးတစ်ရုပ်၊ ဝမ်းရေးတစ်ထွာ လက်မှုပညာ

**'အရုပ်လုပ်တာက အနုပညာအမြင် မပါဘူးလားဆိုတော့ပါတယ်။ အလွယ်လုပ်လို့ရတဲ့ အရုပ် ရှိသလို အနုပညာမြောက်တဲ့ အရုပ်တွေလည်းရှိတယ်။ ပန်းပုမှာဆို ထုဆစ်ရတယ်။ ပန်းချီမှာဆို ဆေးဆွဲရတယ်။ ဒီအရုပ်လုပ်တာက ကိုယ်လိုသလို ပုံသွင်းလုပ်ရတာ။ ဖယောင်းရုပ်တို့ ဆီလီကွန်ရုပ်လုပ်တာမျိုးနဲ့ ဆင်တူတယ်။ ကျွန်တော်တို့က ကလေးကစားစရာအရုပ်အဖြစ် လုပ်နေတာ။ တကယ်တော့ ဒီပညာရပ်က ကမ္ဘာမှာလည်း professional ကျကျ လုပ်နေကြသူတွေလည်း ရှိတယ်။ လူရုပ်တွေထိ ဖန်တီးတဲ့သူတွေ ရှိတယ်။ ကျွန်တော့်မှာ ကလေးကစားစရာအရုပ်လုပ်တဲ့ အဆင့်နဲ့ မစွန့်စားရဲသေးဘူး' ဟု အမရပူရမှ ဖော့ဂျုံဖြင့် ရောင်စုံအရုပ်ကလေးများ ပြုလုပ်ရောင်းချသူ ကိုမင်းထွန်းက ပြောသည်။**

ခိုင်ဆက်ဝေ



လူမှုဘဝ ရုံးကန်လှုပ်ရှားရသည်မှာ သမိုင်းပေးတာဝန်တစ်ခု ဖြစ်သည်။ ရုန်းကန်လှုပ်ရှားမှုတွင် နေရေး၊ စားရေး၊ ဝတ်ရေးအတွက် လုပ်ငန်းမျိုးစုံကို လုပ်ကိုင်ကြလျက် ဘဝခရီးကို အသက်ရှင်နေသ၍ ရင်ဆိုင်နေရပေမည်။ အချို့မှာ ပန်းခင်းလမ်းကဲ့သို့ ဖြောင့်ဖြူးသည်။ အချို့မှာ အခက်အခဲများကို ကျော်ဖြတ်ကြရသည်။ အချို့မှာ တစ်နေ့တာအတွက် နဖူးကချွေး ခြေမထိအောင် ရုန်းကန်ရင်း မနက်ဖြန်ဆိုသည့် နေ့ရက်များကို ကျော်လွှားကြရသည်။ ၄င်းတို့သည် ဘဝတစ်ခု၏ မဖြစ်မနေလုပ်ဆောင်ရသော နေ့စဉ်လုပ်ငန်းများ ဖြစ်သည်။

ရုန်းကန်လှုပ်ရှား ဘဝများထဲမှ ပင်ကိုယ်ဗီဇ အနုပညာပိုးကို အခြေခံ၍ နေ့စဉ်ဝင်ငွေရှာရသူများထဲမှ ကလေးငယ်များ စိတ်ဝင်စား နှစ်သက်ခုံမင်ကြသော ရောင်စုံ၊ အရုပ်စုံများကို လက်မှုပညာဖြင့် အနုပညာမျက်စိ၊ အနုပညာဗီဇကို အခြေခံပြုလုပ်ရောင်းချမှုများကို မန္တလေးတွင် တွေ့မြင်နိုင်ပါသည်။ ကလေးအရွယ်များ အနှစ်သက်ဆုံးနှင့် စိတ်ဝင်စားဆုံးလည်း ဖြစ်သည်။ ထိုပညာဖြင့် မိသားစုဝင်ငွေရှာ၍ ဘဝကိုအေးချမ်းစွာဖြတ်သန်းနေသူကိုမင်းထွန်းနှင့် တွေ့ဆုံခဲ့ရသည်။

ထိုသူသည် မန္တလေး၊ အမရပူရမြို့၊ ကြံတန်းကွက်သစ်တွင်နေထိုင်သူဖြစ်သည်။ ဘုရားပွဲဈေးများ၊ ကျောင်းဈေးများနှင့် လူနေရပ်ကွက်များသို့ လှည့်လည်ပြီး ရောင်စုံအရုပ်ကလေးများပြုလုပ်ရောင်းချလျက်ရှိပြီးသူ၏ သားသမီးများထံ ထိုပညာကို လက်ဆင့်ကမ်းအမွေပေးကာ ထိန်းသိမ်းသွားမည်ဟုလည်း သူက ပြောလေသည်။ ရောင်စုံအရုပ်များ ပြုလုပ်ရောင်းချခဲ့သည်မှာ နှစ်ပေါင်း ၂၀ ကျော်ခဲ့ပြီဖြစ်သည်ဟု ဆိုပါသည်။ တွေ့မြင်ရသလောက် ရောင်စုံအရုပ်ကလေးများ ပြုလုပ်ရောင်းချသူမှာ မန္တလေးတစ်မြို့လုံးတွင် တစ်ဦး၊ နှစ်ဦးစလောက်သာရှိမည်ဟု ထင်မိသည်။

ပြုလုပ်ရောင်းချသည့် အရုပ်ကလေးများကို ကြည့်လျှင် တစ်ချိန်က ကြက်ရုပ်၊ ဆင်ရုပ် စသဖြင့် တိရစ္ဆာန်အရုပ်ကလေးများ ဖြစ်သည်။ ဂျုံနှင့် ပြုလုပ်လာသည့်အခါ ထို့အရုပ်များထက် ပိုမိုစုံလင်လာသည်။ မျောက်ကလေးက ငါးမျှားနေသည့်အရုပ်ကဲ့သို့ အမျိုးစုံပြုလုပ်ရောင်းချလာကြသည်။ ဖော့ဂျုံနှင့် ပြုလုပ်သည့် အရုပ်ကလေးများကို ကြည့်လျှင် Power Ranger ဇာတ်ကောင်အရုပ်များ၊ ကာတွန်းရုပ်ရှင်များထဲမှ ဇာတ်ကောင်အရုပ်များ၊ အမျိုးသား၊ အမျိုးသမီး အရုပ်ကလေးများ၊ ပုဂံခေတ်အထိ အနုစိပ် ပုံဖော်ရောင်းချလျက်ရှိသည်။

၁၉၇၅ ခုနှစ်ဝန်းကျင်ခန့်က ရောင်စုံအရုပ်ကလေးများ ပြုလုပ်ရောင်းချသူများ တွေ့ဖူးပါသည်။ ထိုအချိန်က စာရေးသူမှာ မူလတန်းကျောင်းသားတစ်ဦး ဖြစ်သည်။ သူလာလျှင် ကျောင်းသားများက အရုပ်သည်ကြီးရောက်လာပြီဆိုပြီး ဝိုင်းအုံကြည့်ကြသည်။ ဝယ်သူက ဝယ်သည်။ အရုပ်လုပ်ကိုင်ပုံကို ရပ်ကြည့်နေသူများလည်း ရှိသည်။ ကလေးများ အထူးစိတ်ဝင်စားသည့် ဝမ်းစာရှာဖွေသည့် ရိုးသားသောအလုပ်တစ်ခုဟု ဆိုချင်သည်။

ရောင်စုံအရုပ်ကလေးများပြုလုပ်ရာတွင် တစ်ချိန်ကပြုလုပ်သော ကုန်ကြမ်းနှင့် ယနေ့ပြုလုပ်သော ကုန်ကြမ်းမတူ ကွဲပြားသည်။ တစ်ချိန်က ကြံရည်ညောင်စေးနှင့်ပြုလုပ်သည့် ကုန်ကြမ်း၊ ဂျုံနှင့်ရောစပ်သော ကုန်ကြမ်းတို့ဖြစ်ပြီး ခေတ်နှင့်အညီ တိုးတက်လာသဖြင့် ထိုကုန်ကြမ်းများကို မသုံးတော့ဘဲ တရုတ်နိုင်ငံမှ ကုန်ကြမ်းကို အသုံးပြုနေခြင်း ဖြစ်သည်။ ထိုကုန်ကြမ်းကို ဖော့ဂျုံဟုခေါ်ကြောင်း သိရသည်။

'အရင်တုန်းက စားလို့ရတဲ့ ဂျုံနဲ့ လုပ်ခဲ့တာပါ။ ခုနောက်ပိုင်းမှာ တရုတ် Ready made ထုတ်တဲ့ ဖော့ဂျုံနဲ့ လုပ်ပါတယ်။ အဲဒီဖော့ဂျုံက ကလေးတွေဆော့လို့ရတဲ့ အရုပ်မျိုးစုံ လုပ်လို့ရတယ်။ ဒီဖော့ဂျုံကို အရုပ်လုပ်ကြည့်တဲ့အခါ အရုပ်ကလေးတွေလုပ်လို့ရတယ်ဆိုပြီးတော့ ဂျုံအစားထိုးပြီး လုပ်တာပါ။ ၂၀၀၃ ခုနှစ်လောက်က စားလို့ရတဲ့ ဂျုံရယ်နဲ့ လုပ်ခဲ့တယ်။ ဖော့ဂျုံနဲ့လုပ်တာ တစ်နှစ်ကျော်လောက်ပဲရှိသေးတယ်။ ကုန်ကြမ်းအမျိုးမျိုးရှိပြီး ကြံရည်ညောင်စေးနဲ့ ရောကျိုထားတဲ့ ကုန်ကြမ်း၊ ဂျုံနဲ့လုပ်တဲ့ ကုန်ကြမ်းမှာအရင်က ကျွန်တော်လုပ်ခဲ့တာက ဂျုံနဲ့လုပ်ခဲ့တာ။ ခုနောက်ပိုင်း ဖော့ဂျုံက သူ့ထက်အားသာချက်ရှိသလို Ready Made လည်းဖြစ်လို့ အဲဒါကိုပဲသုံးတော့တယ်' ဟု ကိုမင်းထွန်းက ပြောပြသည်။

တစ်ချိန်ကပြုလုပ်သည့် ကုန်ကြမ်းမှာ ကြံရည်ညောင်စေးနှင့် သကြားအချိုးကျ ရောစပ်ပြီး စေးပိုင်လာအောင် ပြုလုပ်သည့် ကုန်ကြမ်းဖြစ်ပြီး ယင်းနောက်ပိုင်းကာလတွင် ဂျုံ၊ ဆန်နှင့် ကောက်ညှင်းအချိုးကျရောစပ်၍ မုန့်နှစ်ပြုလုပ်ခြင်းမှရသည့် ကုန်ကြမ်းဖြစ်သည်။ ဂျုံရောပြီး ရေလေးခပ်ဆပ်ဆပ်လေးနဲ့ ကျိုရသည်။ မုန့်လုံးရေပေါ်လုပ်သကဲ့သို့ ကျက်အောင်လုပ်ပြီး အအေးခံသည်။ ထို့နောက်အနီ၊ အဝါ စသဖြင့် ရောင်စုံဆေးဆိုးပြီး တစ်ရက်လောက် နှပ်ထားသည်။ ၄င်းတို့မှာ မြန်မာ့နည်းနှင့် ပြုလုပ်သည့် ကုန်ကြမ်းများ ဖြစ်သည်။ ယခုတွင် တရုတ်မှဝင်လာသည့် ဖော့ဂျုံကို အသုံးပြုခြင်း ဖြစ်သည်။

'ဂျုံနဲ့လုပ်တာက နည်းနည်းကြမ်းပြီး အရုပ်လုပ်လို့ ကောင်းတယ်။ ဖော့ဂျုံနဲ့လုပ်ရင် သူက နူးညံ့တော့ ကိုင်တွယ်ဖိနှိပ်ပြီး ပုံသွင်းရတာခက်တယ်။ အရုပ်လုပ်တဲ့အခါ ဖိဟယ်၊ နှိပ်ဟယ် လုပ်ရတာ။ ဂျုံနဲ့ လုပ်လာတာကြာပြီး ဖော့ဂျုံနဲ့ ပြောင်းလုပ်ရတာက ခဲယဉ်းတယ်။ ဖော့ဂျုံနဲ့လုပ်ရင် အခြောက်မြန်တယ်။ လေတိုးတာနဲ့ ခဲသွားလို့ အရုပ်လုပ်ပြီး လေလုံအောင် ပလတ်စတစ်နဲ့ ထုတ်ပေးလိုက်တယ်။ သူ့ရဲ့အားသာချက်က နောက်ရက်မှာလည်း ပျက်စီးမသွားတော့ ငါးလလောက်ခံတယ်။ ဂျုံနဲ့လုပ်ရင် ဘယ်နေရာမှာ ထိုင်လုပ်လုပ် မမာသွားဘူး။ တစ်ရက်နှစ်ရက်ဆိုရင် အရုပ်ပုံက ခြောက်ပြီးတော့ ကွဲမယ်၊ ကြွေကျသွားမယ်' ဟု ဆက်လက်ရှင်းပြပါသည်။

ပြုလုပ်ပြီးသော အရုပ်ကလေးများ၏ ဆေးရောင်အနေအထားကြည့်လျှင် ဂျုံနှင့်လုပ်သော ဆေးရောင်ကပို၍ အရောင်စိုပြီး ဖော့ဂျုံနှင့်ပြုလုပ်သည့် ဆေးရောင်မှာ အဖွေးဘက်များသဖြင့် ဂျုံနှင့်ပြုလုပ်သော အရုပ်များ၏ ဆေးရောင်လောက် မကောင်းဟု သိရသည်။

'စနေ၊ တနင်္ဂနွေဆိုရင် ဦးပိန်တံတားမှာ ရောင်းတယ်။ အခါကြီးရက်ကြီးတွေမှာ ပွဲတော်တွေ ဘုရားတွေမှာ သွားရောင်းတယ်။ ကျန်တဲ့ရက်တွေမှာ စာသင်ကျောင်းတွေဆီသွားပြီး ရောင်းတယ်။ ရပ်ကွက်လမ်းကြားတွေမှာလည်း ရောင်းတာပဲ။ နေရာအတည်တကျ မရှိဘူး။ လူရှိရင်ထိုင်ရောင်းတာပဲ။ သဘာဝအရ ဆိုင်နဲ့ကန္နားနဲ့ ရောင်းလို့မရဘူး။ ပေါ်ပင်အလုပ်မျိုးဖြစ်တာကြောင့်လည်း ပါတယ်' ဟု ဆိုပါသည်။

လက်ရှိတွင် ရောင်စုံအရုပ်ကလေးများကို တစ်ရုပ်လျှင် ငွေကျပ် ၁၀၀၀-၂၀၀၀-၃၀၀၀ တို့အပြင် လက်ရာမြောက်လျှင် မြောက်သလို၊ ခက်ခဲလျှင် ခက်ခဲသလို ဈေးနှုန်းမြင့်သွားသည်။ ထိုဝင်ငွေဖြင့် သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရောင်စုံအရုပ်ကလေးများ ရောင်းချဖြည့်ဆည်းနေခြင်းသည် လက်မှုအနုပညာကို ဖော်ကြူးနေသူများအား ကြိုဆိုအားပေးသင့်သည်ဟု ဆိုချင်ပါတော့သည်။



# (၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ (ဒုတိယနေ့)ကျင်းပ




**မန္တလေး ဩဂုတ် ၉**

(၁၃)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ (ဒုတိယနေ့)ကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပရာ စာတမ်းရှင်များက စာတမ်းများကို တင်သွင်းဖတ်ကြားကြပြီး တက်ရောက်လာသူများမှ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာတမ်းဖတ်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခုလို စာတမ်းနှင့်ပိုစတာများ တင်သွင်းဖတ်ကြားပေးကြတဲ့ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးတက္ကသိုလ်၊ဝန်ကြီးဌာနများဖြစ်သော ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့မှ သုတေသီများကို အထူးပင်ကျေးဇူးတင်ရှိကြောင်းနှင့် နောက်နှစ်တွေမှာလည်း စာတမ်းများ၊ ပိုစတာများကို တင်သွင်းဖတ်ကြားပေးဖို့ အလေးထားဖိတ်ခေါ်ကြောင်း စာတမ်းများ ဖတ်ကြရာတွင် သဘာပတိအဖြစ် ဆောင်ရွက်ပေးကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် အားတက်သရော ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြမှုများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ တစ်နှစ်ထက်တစ်နှစ် အရည်အသွေးပြည့်ဝပြီး ပိုမိုကောင်းမွန်သည့် စာတမ်းများ ပိုစတာများကို ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ကြကြောင်း၊ စာတမ်းဖတ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြတဲ့ ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်နှစ်တွေမှာလည်း အခုလို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြဖို့ တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အကောင်းဆုံးစာတမ်းဆု၊ ပိုစတာဆုများ စိစစ်ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌက တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာတမ်းဆု၊ သိပ္ပံသုတေသနဆိုင်ရာ စာတမ်းဆု၊ ကျန်းမာရေးစနစ်သုတေသန [HEALTH SYSTEMS RESEARCH]စာတမ်းဆုနှင့် ပိုစတာဆုများကို စိစစ်ရွေးချယ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး စာတမ်းဆုရရှိသူများအား တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆရာကြီး၊ ဆရာမကြီးများက ဆုများ အသီးသီးချီးမြှင့်ခြင်း၊ သုတေသနစာတမ်းဖတ်ပွဲဖြစ်မြောက်ရေးအတွက် အဓိက ကူညီပံ့ပိုးပေးပါသော တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **(၀၇၀)**

## ကောက်ရိုးယူရီးယား ပြုပြင်ကျွေးမွေးနည်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်

**လဲချား ဩဂုတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်၊ ဟိုရင်ကျေးရွာတွင် ကောက်ရိုးယူရီးယား ပြုပြင်ကျွေးမွေးနည်း လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၁ နာရီက ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ မျိုးလှိုင်ဝင်းက ကောက်ရိုးယူရီးယား ပြုပြင်ကျွေးမွေးနည်းနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများအား လက်တွေ့ ဆောင်ရွက်ပေးခြင်းနှင့် ကျေးရွာနေပြည်သူများမှ ၎င်းလုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားပေးပြီး လက်တွေ့ဆောင်ရွက်စေခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






## ပြည်တွင်းစားသုံးမှုများပြားလာခြင်းကြောင့် ကုလားပဲများ အရောင်းအဝယ်သွက်ကာ ဈေးကောင်းရရှိ

**မန္တလေး ဩဂုတ် ၉**

ပြည်တွင်းစားသုံးမှု များပြားလာခြင်းကြောင့် မြန်မာ့ထွက်ကုန် ကုလားပဲများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်သွက်ကာ ဈေးကောင်းများရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားများအနေဖြင့် V2၊ ထိုင်ဝမ် ကုလားပဲ၊ V7၊ 929၊ ဗမာကုလားပဲများဟူ၍ရှိကြောင်း၊ ဈေးနှုန်းများအနေဖြင့် V2 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ V7 ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀ ပေါက်ဈေးများဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေကြောင်း မန္တလေးမြို့မှ ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

"မန္တလေးဈေးကွက်ထဲမှာ ကုလားပဲအုပ်စုဝင် ပဲအမျိုးအစားတွေ ဈေးကောင်းရရှိနေပါတယ်။ ယခုလ ဩဂုတ်လဆန်း မန္တလေးဈေးကွက်ထဲမှာ ကုလားပဲတွေ အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ ပြီးခဲ့တဲ့နှစ်ထက်စာရင် တောင်သူတွေ ဈေးကောင်းရရှိနေပါတယ်။ ကုလားပဲကို နှစ်စဉ် ပြည်ပနိုင်ငံတွေက ဝယ်ယူနေပါတယ်။ ကုလားပဲက မြန်မာလူမျိုးတွေရဲ့ အကြိုက်နှစ်သက်ဆုံး ပဲမျိုးအစားဖြစ်တယ်။ စားတဲ့နေရာမှာလည်း အာဟာရဖြစ်တဲ့အပြင် အရသာမှာလည်း ကောင်းမွန်တဲ့အတွက် မြန်မာလူမျိုးတွေဟာ ကုလားပဲကို မျိုးစုံလုပ်စားကြပါတယ်။ အလှူအတန်းတွေမှာလည်းမပါမဖြစ် ကြိုက်နှစ်သက်တဲ့ပဲပါ။ ကုလားပဲကို ပြည်တွင်းစားသုံးမှုအတွက် အများဆုံးစိုက်ပျိုးပါတယ်။ ဒီနှစ်က အထွက်နှုန်းလည်း အသင့်အတင့်ကောင်းပါတယ်။ ဈေးကောင်းရနေတဲ့အတွက်ကြောင့် စိုက်ဧကတွေလည်း ပိုမိုများပြားလာနိုင်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။

မြန်မာထွက်ကုန် သီးနှံကုလားပဲကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အဓိကထား စိုက်ပျိုးကြကြောင်း၊ ယင်းကုလားပဲကို ဆောင်းသီးနှံအဖြစ် တစ်နှစ်လျှင် တစ်ရာသီသာ ပြည်တွင်းစားသုံးရန် အများဆုံး စိုက်ပျိုးကြပြီး လက်ရှိအချိန်တွင် မန္တလေးပဲဈေးကွက်တွင် အဆိုပါကုလားပဲများ ပြည်တွင်းစားသုံးမှု ပိုမိုများပြားလာခြင်းကြောင့် ဈေးကောင်းရရှိနေကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၃၄)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဖြူစင်ခြင်း

* ဖြူစင်အလှ စိတ်ရှင်းမှ
သောက ကင်းမည်သာ ။

* တစ်ပါးသူအား ပျက်စီးဖြား
မုန်းထား မလိုနှင့် ။

* စိတ်အတွင်းမှာ ညစ်ဆိုးကာ
မုန်းမာန်မပွားနှင့် ။

* ကိုယ်သာ သူ့မှာ
သူ့နေရာ ဘယ်လိုထားမလဲ
တွေးကြပါ ။

* သူဟာကိုယ်မဟုတ်
စဉ်းစားအဟုတ်
မှချအားလုံး မဖြစ်နိုင် ။

* အနတ္တသာ ဓမ္မရှာ
အားလုံးသေရွာ သွားဖို့သာ ။

* သေမည့်သူချင်း
ရန်ဖြစ်ရင်း အငြင်းပွားကာ
မနေရာ ။

* နေ့ရက်နာရီ စည်းနရီ
ချိန်မီငါ့မှာ သုသာန်သာ ။

* သေမည့်သူချင်း
မေတ္တာခင်း မုန်းခြင်းပယ်ခွာ
ကြင်နာပါ ။

* လူ့ပြည်နေရက် မသေချာလျက်
အတွက်ဖြူစင် ရှိကြပါ ။

* ကုသိုလ်ဆောင်နှင်း
ကရုဏာသင်း
မွှေးပျံ့ခြင်းသာ ကောင်းမှုရှာ ။ ။

**ရေချမ်း မန်း**

## သတင်းပဒေသာ

### စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းခြင်းကို ပုံမှန်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀နာရီက မိုင်းစံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်လှူဒါန်းပွဲကျင်းပ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ငွေသဲဖြူခန်းမ၌ ရပ်ကွက်နှင့်ကျေးရွာများရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက ကျင်းပခဲ့ကြောင်းသိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်ရှိ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ယမန်နေ့ ညနေပိုင်းက ဝမ်ခုတ်ကျေးရွာအုပ်စု၊ နမ့်လွေစာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်မားရေးဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၌ ဝေးလံသော တောင်ပေါ်ကျေးရွာများမှ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြှင့်မားစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁နာရီက ဝမ်ခုတ်ကျေးရွာအုပ်စု၊ ဝမ်ခုတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ကာယဆိုင်ရာ ပြိုင်ပွဲကျင်းပ

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေများ လေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှ အသုံးချမှုဝေနိုင်ရန် ရည်ရွယ်၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် ကာယဆိုင်ရာ ပြိုင်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ပျဉ်းမနား)၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### လူမှုရေးအသင်း အဖွဲ့များအား ဂုဏ်ပြုထောက်ပံ့

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပွားရာတွင် ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ကူညီကယ်ဆယ်ပေးခဲ့ကြသော လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### မိုးစပါးစိုက်ဧက တိကျမှန်ကန်ရေးကွင်းဆင်းစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့တွင် ၂၀၂၄-၂၀၂၅ခုနှစ် မိုးစပါးစိုက်ဧက တိကျမှန်ကန်ရေး ဩဂုတ် ၈ရက် နံနက် ၉နာရီက နားယောင်းကျေးရွာ၊ မိုင်းလင်းအရှေ့ကျေးရွာနှင့်မိုင်းလင်းအနောက်ကျေးရွာများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်း




**မန္တလေး ဩဂုတ် ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ မန္တလေးတက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းများ၏ အငြိမ်းမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အထိမ်းအမှတ်အဖြစ် ယခင်စိုက်ထူပြီး(၂၀၁၉) တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲမှ ငွေကျပ်သိန်း ၁၀၀နှင့် ၂၀၂၄ခုနှစ် အငြိမ်းမအကြိမ် ဝါဆို သင်္ကန်းကပ်လှူပွဲမှ ငွေကျပ် ၁၀သိန်း စုစုပေါင်း ငွေကျပ်သိန်း ၁၁၀ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဩဂုတ် ၈ရက် နံနက်၁၀နာရီက အောင်မြေသာစံမြို့နယ်၊ ၆၂လမ်းရှိ အဆိုပါ တက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ရုံးခန်းတွင် ကျင်းပသည်။ (ဓာတ်ပုံ)

အခမ်းအနားတွင် မန္တလေးတက္ကသိုလ်ကျောင်းသားကျောင်းသူဟောင်းများ၏ အငြိမ်းမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီ နာယကဦးတင်မောင်၊ ဘဏ္ဍာရေးမှူးဦးစိုးလွင်နှင့် ဖြစ်မြောက်ရေးကော်မတီဝင်များက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ဆွမ်းပဒေသာပင် ငွေကျပ် ၁၀သိန်း စိုက်ထူလှူဒါန်းရာ ဒုတိယပါမောက္ခချုပ်(စီမံ)ဆရာတော်က လက်ခံပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအနုမောဒနာတရားနာယူခဲ့ကြကြောင်း သိရသည်။ (ကဆ)




## ချမ်းအေးသာစံမြို့နယ် အရှေ့ပိုင်းရပ်ကွက်များသို့ မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများလှူဒါန်း

**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့ အရှေ့ခြမ်းရပ်ကွက်များနှင့် မြောက်ခြမ်းရပ်ကွက်များသည် မတ္တရာမြို့နယ် ဆည်တော်ကြီးမှ ပေးပို့သော ရေများအား ကျုံးအတွင်းသို့ ပို့လွှတ်ကာ ၎င်းရေများအား အောင်မြေသာစံမြို့နယ် ရေစစ်ကန်နှင့် မန္တလေးတောင်ရေတွန်းစက်ရုံများမှတစ်ဆင့် ရပ်ကွက်များသို့ ရေများဖြန့်ဖြူးပေးလျက်ရှိသည်။

လတ်တလောကာလတွင် ကျုံးအတွင်းသို့ ဆည်တော်ကြီးမှ ရေဝင်ရောက်မှုမရှိသဖြင့် ကျုံးအတွင်းသို့ ဧရာဝတီမြစ်ရေများ ဖြည့်တင်းပေးလျက်ရှိပြီး သတ်မှတ်ရေအမြင့် ရောက်ရှိပါက ရပ်ကွက်များသို့ သောက်သုံးရေများ ပုံမှန်ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ယာယီရေအခက်အခဲဖြစ်ပေါ်နေသော ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပျံရပ်ကွက်တို့တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသိန်းမင်းထွေး ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ဩဂုတ် ၈ရက်က ၅၈လမ်း၊ ၂၈ဘီလမ်းထောင့်၊ အများသုံးရေကန်တွင် ရေဂါလန် ၃၂၀၀၊ ကျန်းမာရေးရပ်ကွက်အတွင်း ရေဂါလန် ၁၆၀၀၊ ကန်ကောက်ရပ်ကွက် ဆူးဖြူပရဟိတ ဘုန်းတော်ကြီးသင်ကျောင်းတွင် ရေဂါလန် ၃၂၀၀၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ သစ္စာဝေဒ ရိပ်သာကျောင်းတိုက်တွင် ရေဂါလန် ၁၆၀၀ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)(ကဆ)



## ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေကျပ် ၃သိန်းပေးအပ်လှူဒါန်းပွဲ ကျင်းပ

**သရက် ဩဂုတ် ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် အလှူငွေကျပ်၃သိန်း ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၅ရက် မွန်းလွဲ ၂နာရီက ခရိုင်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ (အပေါ်ဓာတ်ပုံ)

အဆိုပါ အခမ်းနားတွင် ခရိုင်ပြည်သူ့ဆေးရုံ ကျောက်ကပ်သွေးသန့်စင်ဌာနအတွက် ဦးအောင်သန်း+ဒေါ်သိန်းဟန် (သား)ကိုဇေယျာမင်း မိသားစု စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဦးအောင်သန်း၏ (၆၉)နှစ်ပြည့် မွေးနေ့အတွက် အလှူငွေကျပ် ၃သိန်းကို အလှူရှင်မိသားစုကိုယ်စား ဒေါ်မြင့်မြင့်သန်းမှ ပေးအပ်လှူဒါန်းရာ ခရိုင်ပြည်သူ့ဆေးရုံအုပ် ဒေါက်တာညွန့်ရွှေအောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ကဆ)



## လူထုအခြေပြုဗဟိုဌာန၌ စာအုပ်လှူဒါန်းပွဲကျင်းပ

**ညောင်ဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီက ငါ့သရောက်မြို့အတွင်းရှိ စံညီစာကြည့်တိုက်များအား စာအုပ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပခဲ့သည်။

စာအုပ်လှူဒါန်းအခမ်းအနားတွင် ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမိုးက ရပ်ကွက်၊ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စံညီစာကြည့်တိုက်များသို့ သုတ၊ ရသစာအုပ်များ လှူဒါန်းပေးရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် တက်ရောက်လာသည့် ရပ်ကွက်၊ကျေးရွာစာကြည့်တိုက်များသို့ သုတ၊ရသစာအုပ်များအား ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ စံညီစာကြည့်တိုက် (၄)တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ နှင့်စာကြည့်တိုက်မှူးများက လက်ခံရယူခဲ့ကြောင်း သိရသည်။ (၄၈၁)

# တာဝန်ထမ်းဆောင်ကြသည် ဆိုရာဝယ်

နိုင်ဗလ

(၂၉-၇-၂၀၂၄) စာမျက်နှာ-၁၇ မှအဆက်

ယနေ့ နံနက် ၉နာရီခွဲတွင် ကျွန်တော်အသင့်ဖြစ်နေပြီး ကင်းတားဆည်နှင့် ပြင်ဦးလွင်တို့သို့ လေ့လာရေးခရီးသွားရောက်ရမည်ဖြစ်သည်။ လွန်ခဲ့သော နှစ်ရက်ခန့်ကတည်းက မိုးရွာသည်။ ထို့ကြောင့် ကုန်းကြောင်းမှလာမည့် မော်တော်ယာဉ်များ ဝင်၍မရ။ မော်တော်ယာဉ်များကို မြစ်ငယ်တံတားထိပ်တွင် ရပ်စောင့်ရန်စီစဉ်ထားပြီး ဒုဋ္ဌဝတီမြစ်ကြောင်းမှ စက်လှေဖြင့် ပို့ဆောင်မည်ဟု ဆိုသည်။ နံနက်စောစောထ၍ စောစောထွက်နိုင်ရန် ပြင်ကြရသည်။ နံနက် ၇နာရီတွင် မြစ်ဆိပ်သို့ ဆင်းကြရသည်။ ဒုဋ္ဌဝတီမြစ်သည် ရေစီးသန်လှသည်။ စက်လှေပေါ်သို့ ဂရုတစိုက်တက်ကြသည်။ ထို့နောက် စက်လှေတန်းကြီးသည် မြစ်ရေကိုစုန်၍ ထွက်ခဲ့ကြတော့သည်။ စက်လှေပေါ်ရောက်သည်နှင့် တောစီးဖိနပ်ကြိုးအား လျှော့ထားလိုက်သည်။ မတော်တဆ စက်လှေတစ်စုံတစ်ရာဖြစ်လျှင် ရေထဲတွင် ဖိနပ်ကြိုးဖြင့်ကူး၍မရ အဆင်တချော အလွယ်တကူချွတ်နိုင်ရန် ပြင်ဆင်ထားရသည်။ မြစ်ပြင်၏ လတ်ဆတ်အေးမြသောလေသည် ကျွန်တော်တို့ကိုပို၍ လန်းဆန်းတက်ကြွစေသည်။ အားအင်များကို ပြည့်လာစေသည်ဟုပင် ထင်မိသည်။ စက်လှေတစ်စီးနှင့်တစ်စီး အော်ဟစ်လက်ပြ ပျော်ရွှင်ရပါသည်။

မြစ်ငယ်ဆိပ်သို့ရောက်၍ မော်တော်ယာဉ်များဖြင့် ခရီးဆက်ကြသည်။ မန္တလေးမြို့ကိုဖြတ်၍ ပြင်ဦးလွင်ဘက်သို့ မော်တော်ယာဉ်တန်း ထွက်ခဲ့သည်။ တစ်လမ်းလုံးလူငယ်သီချင်း၊ စစ်ချီသီချင်းများ သံပြိုင်သီဆို၍ သွားကြသည်။ ပျော်ရွှင်တက်ကြွစွာဖြင့် ချီတက်ခဲ့ကြသည်။ လမ်းတွင် ထင်းရှူးတောနှင့် ယူကလစ်စိုက်ခင်းစီမံကိန်းများကိုလေ့လာရန် ဝင်ခဲ့ကြသည်။ တောတွင်း မီးတားလမ်းမှ ဝင်ကြသည်။ သစ်တော ၂ ကွေ့ကျော်တွင် ကားခေတ္တရပ်ပေးရန်ပြော၍ အပေါ့အပါးသွားရန် အပြေးအလွှား ဆင်းကြသည်။ တစ်လမ်းလုံး အောင့်ထားခဲ့ကြရ၍ အလျင်လိုနေပြီဖြစ်သည်။ ကားပေါ်မှခုန်ချပြီးသည်နှင့် တောတွင်းသို့ ပြေးဝင်ကြသည်။ ထင်းရှူးပင်များအောက်တွင် အပင်ငယ်များက လူတစ်ရပ်ခန့် ရှိနေ၏။ ထိုအပင်များကို အပြောင်ရှင်းရသည်ဟု ဆိုသည်။ အလျင်လိုနေသည်ကိုမှ ကံဆိုးရသည်။ နောက်တွင် ကျန်ခဲ့သော အမျိုးသမီးတပ်ခွဲမှ တောတိုးလာသည်နှင့် မျက်နှာချင်းဆိုင်တွင် ဘွားကနဲတိုးမိတော့သည်။ ရုတ်တရက်မို့ ဆူညံစွာအော်ဟစ်ရင်း ရှက်ရွံ့စွာဖြင့် နောက်သို့ ပြန်ပြေးကြသည်။ ထို့ကြောင့် သူတန်းလန်းဖြစ်သွားသော ကျော်ဦးခင်ဗျာ ဘောင်းဘီစိုရွှဲသွားရှာသည်။ ကားပေါ်ရောက်သည့်အခါ ကျော်ဦးအနား မကပ်ကြပဲ စနောက်ကြသည်။ ရယ်ရွှင်ဖွယ် အဖြစ်တစ်ခုပါပေ။ ပြင်ဦးလွင် သံပွတ်စက်ရုံစီမံကိန်းကို လေ့လာသည်။ ထို့နောက် ပြင်ဦးလွင်မြို့ထဲဝင်၍ ရေတံခွန်သွားကြသည်။

အစောင့်လိုက်ရဲတပ်သား နေမကောင်းဖြစ်နေသည်။ ကားပေါ်တွင်သိပ်ထားခဲ့ပြီး ယာဉ်မောင်းနှင့် ထားခဲ့ရသည်။ ရဲတပ်သား၏ အီကွစ်မန့်လက်နက်ကိုယူ၍ ၎င်း၏တာဝန်ကိုပါ ပူးတွဲယူရသည်။ ပျော်ပျော်ပါးပါးဖြင့် အစုလိုက်သွားကြ၊ စားကြ၊ ဓာတ်ပုံရိုက်ကြသည်။ ကိုယ်ကလက်နက်ကိုင်ဆောင်ထား၍ မလွတ်လပ်၊ လုံခြုံရေးသတိအပြင် လက်နက်မတော်တဆမှု၊ ပါလာသောကြီးကြပ်ကန့်သတ်ပစ္စည်းပျောက်ရှမှုမရှိအောင် ဂရုစိုက်ရသဖြင့် စိတ်လွတ်လပ်မှုမရှိ၊ ပျော်သင့်သလောက်မပျော်ခဲ့ရ၊ နေရာအနှံ့တွင် ပြင်ဦးလွင်၏စစ်တက္ကသိုလ်ကျောင်းသားများ သွားလာနေကြသည်ကို တွေ့ရသည်။ မိမိတက်ချင်လှသောကျောင်းကို မတက်ရသဖြင့် စိတ်ထဲတွင်မကောင်း၊ မှုန်မှိုင်းသောစိတ်ဖြင့် ငေးမောကြည့်နေမိသည်။ မော်တော်ယာဉ်ပေါ်သို့ တန်းစီလူစစ်ပြီး ပြန်တက်ကြသည်။ ကျွန်တော်က နောက်ဆုံးမှတက်မည့်စခန်းမှူးနှင့် လိုအပ်သည်များပြောဆိုပြီးရပ်နေစဉ် ၁၉၈၁ ခုနှစ်တွင်တက်နေသည့် နောက်ဆုံးနှစ်စစ်တက္ကသိုလ်ကျောင်းသား ကိုညွန့်ဝင်း(အလုပ်သမား ဉပဒေညွှန်ကြားရေးမှူးချုပ်)ကို လှမ်းတွေ့သည်။ ကိုညွန့်ဝင်းက မတ်တပ်ရပ်လက်ထောင်ပြနှုတ်ဆက်ရင်း အံ့သြစွာငေးကြည့်နေသည်။ မီးခိုးရင့်ယူနီဖောင်း အီကွစ်မန့်၊ လက်နက်အပြည့်အစုံနှင့် ကျွန်တော့်ကို တက္ကသိုလ်တက်နေသည်သာသိ၍ ယခု ယူနီဖောင်းအပြည့်အစုံဖြင့် မြင်ရ၍ အံ့သြနေသည်။ ကျွန်တော်လည်း ကားပေါ်အမြန်တက်ရင်း လက်ပြနှုတ်ဆက်ခဲ့သည်။ ခရီးမဖင့်ရန် အချိန်နှင့်တပြေးညီသွက်လက်စွာ လှုပ်ရှားလည်ပတ်ရင်း ပြင်ဦးလွင်မှ ဆင်းလာကြသည်။ မန္တလေးကိုကျော်၍လာပြီး၊ ရေဘူးများတွင် ပါလာသောရေများကုန်ပြီ၊ ယခု စွယ်တော်ဘုရားတည်ထားသော နေရာမရောက်ခင် တောတန်းနှင့် ညာဘက်သံလမ်းဘေး ရေချောင်းနေရာတွင် မော်တော်ယာဉ်ခေတ္တနားသည်။ ရေသောက်ချင်ကြသည်ဆို၍ လမ်းဘေးရေပြည့်နေသော ချောင်းတွင်းဆင်း၍ ရေခပ်ကာ အမျိုးသမီးအဖွဲ့ကို တိုက်သည်။ နေမကောင်းသော ရဲတပ်သားလေးအားလည်း မုန့်ကျွေးဆေးတိုက်ရသေးသည်။ (ယခုအခါ ထိုနေရာရောက်တိုင်း လမ်းဘေးရေဝပ်နေရာတွင် အမှိုက်ပုံကြီးများ၊ အညစ်အကြေးများဖြင့် တွေ့ရသည်။ တစ်ချိန်က အားရပါးရရေသောက်ခဲ့သည်ကိုတွေး၍ ရင်ထဲပျို့ပျို့တက်လာသည်ထိ ခံစားရသည်) ယခုမူ Car Showroom၊ လူနေအိမ်ခြေတိုက်တာများနှင့် ပြည့်နေပြီဖြစ်သည်။ ယခင်က လယ်ကွင်းများသာ ရှိခဲ့သည်။

ကူမဲမြို့ကိုကျော်ပြီး ဝင်သည့်လမ်းမှစ၍ မြေလမ်းဖြစ်သဖြင့် ဖုန်တထောင်းထောင်းနှင့် ဖြစ်သည်။ တစ်ကိုယ်လုံးဖုန်မှုန့်များနှင့် ဖုံးလွှမ်းနေသည်။ အသက်ရှူ၍ရရန် လက်ကိုင်ပုဝါဖြင့် ပိတ်ရသည်။ မျက်လုံးနှင့် ပါးစပ်ပေါက်သာ မြင်ရသည်အထိ ဖုန်လုံးက ကပ်ငြိသည်။ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မောကြသည်။ ထွန်တုံးရွာမှ ကြည်ရွှင်က မျောက်က ထကသည်။ "ဟေလာမျောက်ကြီး ရောက်သီးစားမလား" ဟု သံပြိုင်လက်ခုပ်တီး သီချင်းဆိုသည်။ နှုတ်ခမ်းကို လျှာဖြင့်ထိုး၍ မျောက်က ကနေသောကြည့်ရွှင် သရုပ်ပါလှသည်။ ထိုမျှမျောက်က ကတတ်နေမှန်းမသိ၊ ပျော်ရွှင်စွာရယ်မောအော်ဟစ်ကြသည်။ အားလုံး ဖုန်တလုံးလုံးနှင့် မျောက်ရုပ်ပေါက်နေပြီး တဖြည်းဖြည်းတောထူလာ၍ တောင်တက်လမ်းပေါ်ရောက်လာသည်။ အကွေ့အကောက်လမ်းမကြီးမှ ကင်းတားဆည်ရှိရာသို့နီးလာပြီး ဟွန်ဒိုင်းကုမ္ပဏီမှ ကားဖြူလေးက ကျော်တက်ပြီးကားထဲမှ ကိုရီးယားဟု ယူဆရသူနှစ်ဦးက လက်ပြနှုတ်ဆက်သွားသည်။ ၁၉၇၈ ခုနှစ်ခန့်က ဖြစ်မည်။ ဖခင်သည် တာဝန်ဖြင့် ဆည်တော်ကြီးသို့ ပစ္စည်းပို့သွားသည့်အပြန်တွင် ကားပေါ်ထင်းအပြည့်တင်၍ ပြန်လာခဲ့သည်။ တပ်မှလက်နက်ကိုင် အစောင့်များနှင့် သွားခဲ့ခြင်းဖြစ်သည်။ ကင်းတားဆည်သို့လည်း သွားခဲ့သည်။ ကျောင်းဖွင့်ရက်ဖြစ်၍ မလိုက်ပါနိုင်ခဲ့ပေ။ ဖခင်ကြီးကပြောပြသည်ကိုသာ သိခဲ့ရသည်။ ခဖင်ကြီးတို့ ထိုစဉ်က သွားခဲ့ကြသည့်မော်တော်ယာဉ်မှာ ရှေ့တန်းစစ်မြေပြင်တွင် မိုင်းထိပျက်စီး၍ ပြင်ဆင်ရန်အပ်နှံထားသောယာဉ်များကို လတ်တလောမောင်းနှင်၍ရအောင် လက်ပူတိုက် ပြင်ထားသော ယာဉ်မျိုးဖြစ်သည်။ ကားရှေ့ဘောနက်ဖုံးမပါ၊ အင်ဂျင်နှင့် ဘီးလေးလုံးပါ၍သာ ကားဟု ပြောရသည်။ စတီရာရင်တွင် ဂီယာတံသာပါပြီး စက်နှိုးလျှင် ဝါယာကြိုးကိုပူး၍ နှိုးရသည်။ တိုယိုတာ ဒီအေအိတ်တီး အမျိုးအစားဖြစ်သည်။ ဖခင်ကြီးတို့ ဝတ်သွားသည်က စက်ပြင်ဝတ်စုံ(ဒန်ဂရီ)နှင့် ကိုယ်စီလက်နက်များနှင့်ဖြစ်သည်။ ကင်းတားမရောက်ခင် တောထဲတွင် ကိုရီးယားအင်ဂျင်နီယာများလိုက်ပါလာသော ဟွန်ဒိုင်းမော်တော်ယာဉ်စက်ပျက်၍ သုံးနာရီခန့်ကြာအောင် ဒုက္ခရောက်နေစဉ် ဖခင်ကြီးတို့၏ မော်တော်ယာဉ်ရောက်သွားကြောင်း ဘာအကူအညီပေးရမလဲမေးရာ ကိုရီးယားယာဉ်မောင်း(ဗမာ)က သူ၏အင်ဂျင်နီယာများကို ခေါ်သွားစေလိုကြောင်းပြောသည်။ ခေါ်သွားပေးမည်ဖြစ်ကြောင်း ပြော၍ မော်တော်ယာဉ်အားကြည့်ပေးမည်ဟုဆိုကာ စက်ဖုံးဖွင့်စေသည်။ ကိုရီးယားအင်ဂျင်နီယာများက ဖခင်တို့ မောင်းလာသောကားကို လှည့်ပတ်ကြည့်၍ အံ့သြနေကြကြောင်း၊ ထိုစဉ်က မော်ဒယ်မြင့်နောက်ဆုံးပေါ်သူတို့ကားကို ပြင်ရန်ကြည့်နေကြသည်ကို မယုံကြည်စွာဖြင့်စိုက်ကြည့်နေကြကြောင်း၊ ကားအောက်ပိုင်းမှ ပြင်ဆင်စရာကိုဂျိုင့်ထောက်နှင့်ပြင်ရန် မလွယ်ကူသဖြင့် သစ်သားပြားဖြင့် ရဲဘော်သုံးဦးက မ၍ ကျောက်တုံးခု ကားအောက်မှဝင်ပြင်ပေးရာ နာရီဝက်ကျော်ခန့်တွင် ကောင်းသွားသဖြင့် စမ်းမောင်းကြည့်စေရာ ကိုရီးယားအင်ဂျင်နီယာများ အံ့သြနေကြသည်။ သူတို့၏ကားဖြင့်ပင် ခရီးဆက်နိုင်ပြီဖြစ်၍ ပျော်နေကြသည်။ ကင်းတားဆည်တွင် ပြန်ဆုံမည်ဟုပြော၍ ခရီးဆက်ခဲ့ကြသည်။ ကင်းတားဆည်ရောက်သောအခါ ထမင်းစားပိုင်း အသင့်ပြင်၍စောင့်နေကြပြီး ကျေးဇူးတင်စွာ ဂုဏ်ပြုပေးပါကြောင်း၊ မြန်မာတပ်မတော်သားများ အင်မတန်တော်ကြောင်း ပြောခဲ့သည်။ ကျေးဇူးဆပ်လို၍ ငွေကြေးများပေးရာ လုံးဝလက်မခံနိုင်ကြောင်း ပြော၍ လက်မခံခဲ့ကြောင်း၊ အစားအသောက်နှင့် အကျီအဝတ်အထည်မျှသာ လက်ခံပေးခဲ့ကြောင်း ပြောပြသည်။ ထိုစဉ်က မလိုက်ခဲ့ရသော်လည်း ယခု ကင်းတားဆည်သို့ ရောက်ရပေတော့မည်။ ကင်းတားဆည်သို့ရောက်ပြီး ကားပေါ်မှဆင်း၍ တန်းစီလူစစ်ပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ တောင်ကြားနှစ်တောင်ကို ပိတ်၍ ဆည်တမံကြီး၏ကျယ်ပြောသော ရေပြင်ကျယ်ကြီးကို ဖြတ်သန်းလာသော လေနုအေးက လန်းဆန်းတက်ကြွလာစေသည်။ မြန်မာနိုင်ငံအတွက် လွန်စွာအရေးကြီးလှသော ဆည်တမံကြီးများသို့ ရောက်ရှိလေ့လာခွင့်ရပြီး ဝမ်းမြောက်စွာဖြင့် လေ့လာခဲ့သည်။ ရေအားလျှပ်စစ်မည်သို့ထုတ်သည်၊ ရေကိုမည်သို့ ထိန်းသည်။ ပတ်ဝန်းကျင်ကာကွယ်တောကို မည်သို့ထိန်းသည်၊ မည်မျှအဖိုးတန်သည်တို့ကို သိရှိခဲ့ရသည်။ ယခုလေ့လာ ရေးလာရောက်သူများသည် မြို့နယ်၊ ပါတီ၊ ဝန်ထမ်း၊ တက္ကသိုလ်တို့မှ လူငယ်များဖြစ်သည့် နိုင်ငံတော်၏ စီမံကိန်းကြီးများဆောင်ရွက်ရာတွင် တတ်စွမ်းသမျှ အချိန်များပေး၍ နိုင်ငံတော်အတွက် အလုပ်အကျွေးပြုလုပ်အားပေးလှူနေကြသော စီမံကိန်းဝင်လူငယ်များ ဖြစ်သည်။ လိုအပ်ပါက ဤကင်းတားဆည်ကြီးတွင် လုပ်အားဒါန လာရောက်ပေးလှူနိုင်ကြောင်း နိုင်ငံခြားပညာရှင်ကိုပြောရာ အထူးပင်အံ့သြဝမ်းမြောက်မိကြောင်း၊ ထူးခြားလှသည့်မြန်မာ လူငယ်များကိုလေးစားကြောင်း ပြန်လည်ပြောကြားခဲ့သည်။

မိမိတို့ခေတ်ကလူငယ်များသည် နိုင်ငံရေးကို စိတ်ဝင်စားကြသည်။ နိုင်ငံရေးဟုဆိုရာတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ဆောက်ရေးများတွင် ကိုယ်ကျိုးမပါ အသက်သွေးချွေးတို့ဖြင့် ပါဝင်တည်ဆောက်ပေးလိုစိတ် ပြင်းထန်ခဲ့ကြသည်။ ကိုယ်ပိုင်အားလပ်ချိန်မထား နိုင်ငံတော်အတွက် ပေးဆပ်ထားကြသည်။ အချင်းချင်း ပြည်နယ်၊ ပြည်ပမခြား ချစ်ခင်နွေးထွေးကြသည်။ မိမိတို့၏ တိုင်းချစ်၊ ပြည်ချစ်စိတ်ကို အသက်သွေးချွေးဖြင့် ပြသနိုင်ခဲ့ကြသည်။ နိုင်ငံတော်အတွက်ဆိုလျှင် တာဝန်ထမ်းဆောင်ရန် အချိန်ပြည့် အသင့်ဖြစ်နေကြသည်။ ထိုစိတ်ဓာတ်မျိုးအား အနာဂတ်လူငယ်များ၏စိတ်တွင် ကိန်းဝပ်စေရန် ပြုပြင်ဆောင်ရွက်ပေးနိုင်မှသာ .....။

(ဆက်လက်ဖော်ပြပါမည်။)

# စစ်ကိုင်းတိုင်းဒေသကြီးငွေစုငွေချေးသမဝါယမအသင်းလီမိတက်က အမြတ်နှင့်စုဆောင်းငွေပေါ်အတိုးငွေများထုတ်ပေး

**မန္တလေး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ငွေစု ငွေချေးသမဝါယမအသင်း လီမိတက်က အသင်းသား၊အသင်းသူများအား အစုအပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးငွေများ ထုတ်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာန၊ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းသား၊ အသင်းသူများအား အစု အပေါ်အမြတ်ငွေကျပ် ၁၄ ဒသမ ၅၆ သိန်းနှင့် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၂၉ ဒသမ ၆၇၇ သိန်းတို့အား ထုတ်ပေးခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးနှင့် အသင်းဥက္ကဋ္ဌ၊ အသင်းအမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများ စုစုပေါင်း ၁၂၂ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းငွေစုငွေချေးသမဝါယမ အသင်းလီမိတက် သဘာပတိက အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ အသင်းမှ အသင်းသားများကို တစ်ဖက်တစ်လမ်းမှ အကျိုးကျေးဇူးရှိခြင်းတို့အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်တစ်ဦးကလည်းကောင်း၊ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းများကို တာဝန်ကျစာရင်းစစ်မှလည်းကောင်း၊ ဒါရိုက်တာ အဖွဲ့၏ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့အား ဖတ်ကြားရှင်းလင်းမှုများအပေါ် သဘာပတိမှ အတည်ပြုခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၉၄)





# ပုသိမ်ကြီးမြို့နယ်တွင် အခမ်းအနားမှူး သင်တန်းဖွင့်လှစ်

**ပုသိမ်ကြီး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်ကျင်းပသည့် အခမ်းအနားမှူး သင်တန်းကို ယနေ့နံနက် ၉ နာရီက အ·ထ·က ပုသိမ်ကြီးရှိ အောင်ဇမ္ဗူခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်မြို့နယ်ပညာရေးမှူး ဦးမျိုးဇော်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး၊ အခမ်းအနားမှူး သင်တန်းပို့ချမည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်မြို့နယ်ဦးစီးအရာရှိ ဒေါ်ကြည်ကြည်နွဲ့က အခမ်းအနားမှူး သင်တန်းဖွင့်လှစ်မှုအပေါ် ရှင်းလင်းပြောကြားခဲ့သည်။ထို့နောက် သင်တန်းနည်းပြဆရာမများက သင်ကြားပေးခဲ့သည်။

အဆိုပါ သင်တန်းတွင် ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ဆရာမ စုစုပေါင်း ၁၂၀ ခန့် တက်ရောက်ခဲ့ကြသည်။ အခြေခံပညာကျောင်းများတွင် အခမ်းအနားများ ပြုလုပ်ပါက အခက်အခဲမရှိစေရန် သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။ **(အပေါ်ပုံ)**

(ဝ၉၅)

# အမှတ်(၁၇)အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် အမှတ်(၁၇)အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိပြီး စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ယမန်နေ့က အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့်နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁၇)အခြေခံပညာမူလတန်း(လွန်)ကျောင်းမှ ကျောင်းအုပ်ကြီး ဦးရဲသူက အလိမ္မာစာမှာရှိ၊ ပညာရဲရင့်ပွဲလယ်တင့်၊ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အားလပ်ချိန်များတွင် စာပေများလေ့လာဖတ်ရှုစေရေး အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာပေမြင့်မှ လူမျိုးတင့်မည်၊ ပညာရွှေအိုးလူမခိုး၊ ပညာလိုအိုသည်မရှိနှင့် စာပေဖတ်ရှုခြင်းကြောင့်ရရှိသည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲ အပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်၊ စာစောင်များနှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းများနှင့် ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ရေးအသိပညာပေးနံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စုစုအေး(ကျောက်ဆည်)**

# (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌ ( ၂၅ )ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်) နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က အောင်မင်္ဂလာခန်းမနှင့် ကန်တော်မင်္ဂလာခန်းမတို့တွင် ကျင်းပခဲ့သည်။

အဆိုပါ ပြိုင်ပွဲ၊ဖွင့်ပွဲအခမ်းအနားကို နံနက် ၈ နာရီက ဦးစွာ ကျင်းပရာ ပြိုင်ပွဲအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့ပြီး အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီးပြိုင်ပွဲများအား အောင်မင်္ဂလာခန်းမတွင်လည်းကောင်း၊ အဆိုပြိုင်ပွဲအား ကန်တော်မင်္ဂလာခန်းမတွင်လည်းကောင်း ကျင်းပရာ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ စုစုပေါင်း ပြိုင်ပွဲဝင် ၅၅ ဦးပါဝင် ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ညနေ ၄ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့်အခမ်းအနားမှူးများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)(၄၅၃)**




# စာဖတ်ရှုနိုင်မြှင့်တင်ရေး ဟောပြောပွဲနှင့်ပြပွဲများ ကျင်းပ

**တံတားဦး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းပြီး အခြေခံပညာမူလတန်းကျောင်း ဈေးချိုကျေးရွာတွင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အခြားအထွေထွေဗဟုသုတနှင့် စာဖတ်သည့် အလေ့အထများရရှိစေရန်ရည်ရွယ်ပြီး အသိပညာပေး ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ နှင့် စာအုပ်စာစောင်ပြပွဲတို့ကို ယမန်နေ့နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။



အခမ်းအနားတွင် အ·မ·က၊ ဈေးချိုကျောင်းအုပ်ကြီး ဦးကျော်သူရက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်-၃ ဒေါ်အေးအေးမိုးက စာဖတ်ရှုနိုင်မြှင့်တင်ရေး၌ စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ဗဟုသုတတိုးပွားရရှိစေရေးအတွက် စာပေဖတ်ရှုသည့် အလေ့အကျင့်များရရှိရေးတို့ကို အသိပညာပေးဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများအား ကလေးကဗျာများ၊ ရုပ်ပြများ၊ ပုံပြင်များ၊ ကာတွန်းစာစောင်များ စသည့် ကလေးစာပေများကို ဖတ်ရှုစေခဲ့သည်။

ထို့နောက် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဦးရဲတင့်(ပြန်/ဆက်)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးကို သမိုင်းစဉ်ဆက် မပြတ် တာဝန်ထမ်းရွက်ခဲ့သော၊ နိုင်ငံ့အရေးကြုံလာတိုင်း ကာကွယ်စောင့်ရှောက်ခဲ့သော တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမည့် ပြည်တွင်း ပြည်ပရန်ဟူသမျှကို ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E .Mr. Abhay Thakur အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်သတင်းမှန်များ ထုတ်လွှင့်နိုင်ရေး၊ အိန္ဒိယနိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် စာဆိုဗိမာန်အဆောက်အအုံကို စက်တင်ဘာလတွင် မင်္ဂလာပန္နက်တင်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ ခရီးသွားမြှင့်တင်ရေးကဏ္ဍ၊ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေး ပိုမိုတိုးမြှင့်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်

## ၂၀၂၄ပါရီ အိုလံပစ်(ယူ-၂၃)ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို စပိန်အသင်း ဆွတ်ခူး



**ပါရီ ဩဂုတ် ၉**

၂၀၂၄ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ပြင်သစ်အသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ပြင်သစ်အသင်းအား ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရယူပြီး ရွှေတံဆိပ်ဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ ပွဲချိန် မိနစ် ၉၀အထိ တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်နေခြင်းကြောင့် အချိန်ပို မိနစ် ၃၀အား ဆက်လက် ယှဉ်ပြိုင်ကစားခဲ့သည်။ အချိန်ပိုတွင် စပိန်အသင်းက ပြင်သစ်အသင်းဘက်ကို နှစ်ဂိုး ထပ်မံ သွင်းယူနိုင်ခြင်းကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် စပိန်အသင်းက ပြင်သစ်အသင်းအား ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရယူပြီး ရွှေတံဆိပ်ဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းအတွက် သွင်းဂိုးငါးဂိုးကို ပွဲချိန် ၁၈မိနစ်နှင့် ၂၅မိနစ်တွင် ဖာမင်လိုပက်ဇ်၊ ပွဲချိန် ၂၈မိနစ်တွင် ဘေနာ၊ ပွဲချိန် ၁၀၀ မိနစ်၊ ပွဲချိန် (၁၂၀+၁)မိနစ်တွင် ကာမယ်လိုတို့က သွင်းယူပေးခဲ့သည်။ ပြင်သစ်အသင်းအတွက် သွင်းဂိုးသုံးဂိုးကိုမူ ပွဲချိန် ၁၁မိနစ်တွင် မီလော့စ်၊ ပွဲချိန် ၇၉မိနစ်တွင် အက်ခ်လူချီ၊ ပွဲချိန် (၉၀+၃) မိနစ်တွင် မာတေတာတို့က သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ပါရီအိုလံပစ်ဘောလုံးပြိုင်ပွဲ ရွှေတံဆိပ်ဆုကို နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းလည်းဖြစ်သည်။(NGB)